# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၀၇၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



## စစ်ရေးစွမ်းရည်ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့် ကာကွယ်ရေးနှင့် စွမ်းအားရှိသည့် ကာကွယ်ရေးနှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျ ကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ နှင့် ဇနီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

❑ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀၊ ဗိုလ်လောင်း ဖြိုးကိုကို၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၈၄၃၄၊ ဗိုလ်လောင်း သန်းထိုက်အောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃၊ ဗိုလ်လောင်း အောင်ဖြိုးခိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်၏ အားထားရသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ခေတ်အဆက်ဆက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကဏ္ဍများမှာ စွမ်းစွမ်းတမံလုပ်ဆောင်ပေးခဲ့သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း တပ်မတော်သားအင်ဂျင်နီယာပညာရှင်များက ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း။

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော်နည်းပညာတက္ကသိုလ်မှ သင်ပေးလိုက်သည့် အခြေခံအင်ဂျင်နီယာပညာရပ်များသည် တူညီမှုရှိသည့်တွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာအရာရှိကောင်းများအဖြစ် ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် အခြေခံကျင့်ဝတ်၊ စည်းမျဉ်းများကို လိုက်နာသွားကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**မျက်ခြည်မပြတ်ဆောင်ရွက်ပေးလျက်ရှိ**

**အရည်အချင်းရှိသော အင်ဂျင်နီယာအရာရှိများ မွေးထုတ်ပေးရန်အတွက် အရည်အသွေးအာမခံမှုရှိရမည်ဖြစ်သဖြင့် အင်ဂျင်နီယာပညာရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အရည်အသွေးစိစစ်အသိအမှတ်ပြုမှု(Accreditation) စဉ်ဆက်မပြတ်ရရှိရေး မျက်ခြည်မပြတ်ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ အင်ဂျင်နီယာအဖွဲ့အစည်းများက သတ်မှတ်ပေးထားသော ကောင်းမွန်သည့်စံနှုန်းများ၊ Guideline များနှင့်အညီ အရည်အသွေးအာမခံမှု (Quality Assurance) ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို

*စာမျက်နှာ ၄ သို့*



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀ ဗိုလ်လောင်း ဖြိုးကိုကိုအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၈၄၃၄ ဗိုလ်လောင်း သန်းထိုက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃ ဗိုလ်လောင်း အောင်ဖြိုးခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ တပ်မတော်၏ အင်ဂျင်နီယာစွမ်းပကားသည် နိုင်ငံတော်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း။

**အမြဲမပြတ်လေ့လာသင်ယူ**

အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy) ရှိရန် လိုအပ်ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာနည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှ သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ရန် လိုအပ်ပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့်သက်ဆိုင်သည်များကို အမြဲမပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။

ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်ရှင် အဆင့်မြင့်နည်းပညာများကိုအသုံးပြုပြီး အီလက်ထရောနစ်စစ်ဆင်ရေးနှင့် သတင်းအချက်အလက်

- **မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရ**
- **ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်အတွက် မိမိတို့စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျသည့် စစ်မြေပြင်နှင့်လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်**

စစ်ဆင်ရေးများကို ထိရောက်စွာ ပုံဖော်တိုက်ခိုက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်အတွက် မိမိတို့စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျသည့် စစ်မြေပြင်နှင့်လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်**

ယနေ့ခေတ် စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် ဉာဏ်ရည်တု နည်းပညာ (Artificial Intelligence – AI) ကို ပိုမိုအသုံးပြုလာကြသဖြင့် ဉာဏ်ရည်တုနည်းပညာနှင့်ပတ်သက်၍ လေ့လာသုတေသနပြုမှုနှင့် စမ်းသပ်တီထွင်ထုတ်လုပ်မှုများကိုလည်း အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် မျက်မှောက်ခေတ်စစ်မြေပြင်သည် သတင်းအချက်အလက်နည်းပညာ (Information Technology)ကို အခြေခံပြီး Digitalized Battle Field အသွင်ဆောင်လာနေခြင်းကြောင့် သတင်းအချက်အလက်နည်းပညာများကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားရန် မှာကြားလိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး တိုက်ပွဲဝင်အသင့် (Fit For Fight) ဖြစ်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန်လည်း မှာကြားလိုကြောင်း။

**အင်တိုက်အားတိုက်ပါဝင်ကူညီလျက်ရှိ**

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်သတင်းများကို သိလျှင်သိချင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်သွားရောက်ကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အား အစွမ်းကုန်သုံးပြီး သဘာဝဘေးသင့်ဒေသများ မူလအခြေအနေ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၅ သို့*



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ထိုသို့ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်သိသိဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် တစ်နည်းအားဖြင့်အင်ဂျင်နီယာစွမ်းပကားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလများတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief – HADR) လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့်အဆင့်မြင့်နည်းပညာများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသုတေသနပြုတီထွင်နေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါပင်ကိုဗီဇဟု ယခင်က သတ်မှတ်ကြသော်လည်း ယခုအခါတွင် ခေါင်းဆောင်မှုအရည်အချင်းသည် လေ့ကျင့်ယူနိုင်သည့် အရည်အသွေးအဖြစ် သတ်မှတ်လာကြပြီဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန်လိုအပ်ပြီး မိမိဦးဆောင်သည့်အဖွဲ့အစည်း၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်သာချောင်ချိမှု၊ အုပ်ချုပ်မှုကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီးစီမံခန့်ခွဲသွားကြရန်အလေးထားမှာကြားလိုကြောင်း။

**စွမ်းရည်သုံးရပ်အစဉ်ထက်မြက်နေရန်လို**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်အစဉ်ထက်မြက်နေရန်လိုကြောင်း၊ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံနေမှသာ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

**စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့်ကာကွယ်ရေးနှင့် စွမ်းအားရှိသည့် ကာကွယ်ရေးနှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့** စွမ်းအားရှိရန်အတွက် လက်နက်၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံးစွမ်းအားရှိသည့်ပစ္စည်းများဖြစ်ရန် လိုအပ်ကြောင်း။

အုပ်ချုပ်မှုစွမ်းရည် ကောင်းမွန်စေရန်အတွက်လည်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်အောင် လေ့လာသွားကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူထားသည့် တပ်ဖွဲ့များကို အုပ်ချုပ်မှုညီညွတ်မျှတစေရန်နှင့် သက်သာချောင်ချိရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ စည်းရုံးရေးစွမ်းရည်ကောင်းမွန်စေရန်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိအောင် မိမိတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များကို တစည်းတလုံးတည်းဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း။

အရည်အသွေးရှိသည့် အင်ဂျင်နီယာပညာရေးစနစ်ဖြင့် သင်ကြားလေ့ကျင့်ခဲ့မှုများကိုအခြေခံပြီး မိမိတို့ဘဝတစ်လျှောက်လုံး အစဉ်တိုးတက်မှုရှိအောင် စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မျက်မှောက်ကာလနည်းပညာတိုးတက်မှုများကို အသုံးချပြီး နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာ သုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စည်းကမ်း၊ ကျင့်ဝတ်အရာမှာ စံနမူနာပြအဖြစ်ကျင့်ကြံပြီး မိမိတို့ တတ်ကျွမ်းထားသည့် ပညာရပ်များကို နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ခေတ်ကိုမျက်ခြည်မပြတ်အောင်ဆောင်ရွက်**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသည့်အတွက် မိဘများနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သင်တန်းကာလ ၆ နှစ်တာ ကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာသင်ကြားမှုအပိုင်းတို့တွင် ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကိုစောင့်ထိန်းမှုတို့ကြောင့် ရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုများပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်တောင်သူများဖြစ်ကြသည်ကိုတွေ့ရှိရပြီး ငယ်စဉ်ကလေးဘဝမှစ၍ ယခုအချိန်အထိ ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ပေးခဲ့ရမည်ဖြစ်ကြောင်း၊ မိဘ၊ ဆရာများ၏ ဆိုဆုံးမမှု၊ သင်ကြားမှုအောက်တွင် ကောင်းမွန်စွာ ကြီးပြင်းလာခဲ့ပြီး မိမိကိုယ်ကို ထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာပေပညာအပြင် အတတ်ပညာကိုပါသင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့် ပညာရပ်များကို သင်ယူခဲ့ရသည်ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့်ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာသည် အလွန်လျင်မြန်စွာပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သည့် လေ့လာမှု၊ သုတေသနပြုမှု၊ ကြိုးစားအားထုတ်မှုများဖြင့် ခေတ်ကို မျက်ခြည်မပြတ်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ ကျေးဇူးကိုသိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်သကဲ့သို့ တပ်မတော်အပေါ်တွင်လည်း ကျေးဇူးသစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပပျောက်စေရေးအတွက် စစ်သားကောင်းတစ်ယောက်ပီသစွာဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိသားစု၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်**

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။ (ဝဲပုံ)

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေများနှင့် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး စကားပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာဖြစ်သည့် ချယ်ရီမြိုင်၌ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာဖြစ်သည့် သဇင်မြိုင်၌ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် စစ်သည်အား အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးကုသလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်အား အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း အဖွဲ့ဝင်များလိုက်ပါ၍ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှေးဟောင်းတပ်မတော် ဧည့်ရိပ်သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့သို့ ရောက်ရှိကြပြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရှေးဟောင်းအဆောက်အဦများ ဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အခြေအနေများ၊ ထိန်းသိမ်းမှုဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန် လိုအပ်သည့် ပရိဘောဂများနှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ရှေးဟောင်းလက်ရာပစ္စည်းများကိုသာ အတတ်နိုင်ဆုံး ရှာဖွေထည့်သွင်းသုံးစွဲရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဧည့်ရိပ်သာများ၏ အတွင်းပိုင်းနှင့် အပြင်ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် ပြင်ဦးလွင်မြို့ရှိ အခြားရှေးဟောင်းအဆောက်အဦများကိုလည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဆောင်ရွက်သွားရန်အတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား(၇၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား(၆၃ ဒသမ ၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင် က အမျိုးသမီး (၅၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆု ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသမီး(၅၄) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက အမျိုးသား (၅၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား(၅၄) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

### ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသား (၆၃ ဒသမ ၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား(၇၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆု ရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် ဒေါ်သန်းသန်းက အမျိုးသား မီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိ ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ရောဝတီတိုင်းဒေသကြီးအစိုးအရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသား မီတာ (၁၁၀)တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့်ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အမှုဆောင် ဒေါ်ဂျနီဖာတင်လေးက အမျိုးသမီး မီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမျိုးသမီး မီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ရန်ကုန်တိုင်း ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ထက်ထက်အောင်က အမျိုးသမီး မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး မီတာ(၁၀၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမျိုးသား မီတာ (၄၀၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဦးရန်ကျော်က အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**တက်ရောက်ကြည့်ရှုအားပေး**

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ဒုတိယဆုရရှိသည့် တနင်္သာရီ တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး တစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးချစ်က အမျိုးသား၊ အမျိုးသမီး အတွဲလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်လာဘ်ကောင် (Mascot) အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ပေးပါ

ဒေါက်တာသံလွင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဆောင်ရွက်နေရသော ဝန်ထမ်းများသည် ပြည်သူများအပေါ် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ခြင်းသည် သက်ဆိုင်ရာအဖွဲ့အစည်း၏ အရေးပါသော အဓိကမှတ်တိုင် ဖြစ်ပါသည်။ ယနေ့ခေတ်လူမှုပတ်ဝန်းကျင်တွင် တစ်ဦးပေါ်တစ်ဦး စာနာတတ်ခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်းတို့သည် အဓိကလိုအပ်လျက်ရှိပါသည်။

ဤဆောင်းပါးသည် ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့သည် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံမှုဖြစ်ပြီး ပြည်သူများအတွက် ကောင်းမွန်သော ရလဒ်ကောင်းများကို မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

> “ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရား ထားရှိခြင်းတို့ဖြင့် ပြုမူဆောင်ရွက်ပါက ကောင်းမွန်သောရလဒ်များ ရရှိသော်လည်း လက်တွေ့ဆောင်ရွက်ပေးရာတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။ သို့ဖြစ်၍ လူမှုဆက်ဆံရေးကောင်းမွန်သော ပတ်ဝန်းကျင် ဖြစ်ပေါ်စေရန် ဝန်ထမ်းများအား မွမ်းမံသင်တန်းများပို့ချခြင်း၊ သင့်တင့်မျှတသော ဝန်ထမ်းများ ဖြည့်ဆည်းတာဝန်ပေးခြင်းနှင့် ကောင်းမွန်ပြီး ပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်”

**ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်း**

ပြည်သူများအား ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၏ အဓိကအရေးပါမှုမှာ ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပြည်သူများအား ဝန်ဆောင်မှုပေးနေရသော ဝန်ထမ်းများသည် နွေးနွေးထွေးထွေးနှင့် လေးစားစွာ ဆက်ဆံခြင်းဖြင့် ပြည်သူတို့၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့နည်းစေပြီး ဘေးကင်းလုံခြုံမှုဖြစ်သည့် ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ ယုံကြည်မှုရရှိရန် အရေးကြီးပြီး အပြန်အလှန် ဆွေးနွေးနိုင်ပြီး ကောင်းမွန်သော ဆက်သွယ်မှုကို ဖြစ်ပေါ်စေရန်အတွက် ဝန်ထမ်းများသည် ပြည်သူများ၏ အခြေအနေအကြောင်းအရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

**ပြည်သူများ၏ စိတ်ကျေနပ်မှုရရှိရန် ဆောင်ရွက်ခြင်း**

ပြည်သူများ စိတ်ကျေနပ်မှုရရှိခြင်းသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်အတွက် မရှိမဖြစ် လိုအပ်သော စံသတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီမှုများသည် ပြည်သူများ၏ စိတ်ကျေနပ်မှုကိုရရှိရန် ပိုမိုစွမ်းဆောင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဆောင်ရွက်နေရသော ဝန်ထမ်းများသည် ပြည်သူများအား အချိန်ပေး၍ နားထောင်ပေးရန်၊ ရှင်းလင်းပြတ်သားစွာ ပြောကြားပေးရန်နှင့် ပြည်သူများ၏ လူမှုစီးပွားအတွက် စိုးရိမ်ပူပန်မှုများကို လျော့နည်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ထွန်းစေပါသည်။ အဆိုပါ စိတ်ကျေနပ်မှုသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်တစ်ခုကို ထင်ဟပ်စေရုံသာမက ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတစ်ခုလုံးကိုပါ သက်ရောက်မှုရှိပါသည်။ စိတ်ကျေနပ်မှုရှိသော ပြည်သူများသည် ၎င်းတို့၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေပါသည်။

**စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု**

ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ရှုထောင့်များကို လေ့လာသုံးသပ်လျှင် ၎င်းအကျိုးသက်ရောက်မှုများသည် ပြည်သူများ၏ လူမှုဘဝကောင်းမွန်ရေးအတွက် လွန်စွာအရေးကြီးလှပါသည်။ အထူးသဖြင့် ယနေ့ကြုံတွေ့နေရသော စိတ်ဖိစီးမှုဖြစ်စေသည့် ပတ်ဝန်းကျင်များတွင် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရား ထားရှိခြင်းတို့သည် ပြည်သူများ၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့ပါးသက်သာစေပါသည်။ စိတ်ပိုင်းဆိုင်ရာ ဖေးမကူညီခြင်းဖြင့် ပြည်သူများ၏ မမျှော်လင့်နိုင်သော အခြေအနေတစ်ခုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုဘဝပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းစေရေး အထောက်အပံ့ဖြစ်စေပြီး ပြည်သူများ၏ စိတ်ကျန်းမာရေးကို ကောင်းမွန်လာစေပါသည်။

**ကျင့်ဝတ်ဆိုင်ရာလိုက်နာဆောင်ရွက်မှု**

ပြည်သူများအား အပြန်အလှန်အလေးထားမှုနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးထားပြီး ဆက်ဆံပေးရန် တာဝန်ရှိပါသည်။ သက်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ၎င်းတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကိုယ်ကျင့်တရားများကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုကိုသာမက လူမှုပတ်ဝန်းကျင်စနစ်တစ်ခု၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ရာရောက်ပါသည်။

**ကြုံတွေ့ရမည့်စိန်ခေါ်မှုများ ဖြေရှင်းခြင်း**

ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြုမူဆောင်ရွက်ပါက ကောင်းမွန်သော ရလဒ်များရရှိသော်လည်း လက်တွေ့ဆောင်ရွက်ပေးရာတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။ သို့ဖြစ်၍ လူမှုဆက်ဆံရေးကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဝန်ထမ်းများအား မွမ်းမံသင်တန်းများပို့ချခြင်း၊ သင့်တင့်မျှတသော ဝန်ထမ်းများ ဖြည့်ဆည်းတာဝန်ပေးခြင်းနှင့် ကောင်းမွန်ပြီး ပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးချင်း လူမှုဆက်ဆံရေးစွမ်းရည် တိုးတက်လာစေရန်အတွက် လည်းကောင်း၊ ပြည်သူများနှင့် သဟဇာတဖြစ်စေရန်အတွက်လည်းကောင်း အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများအား ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြောဆိုဆက်ဆံခြင်းသည် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ တစ်ဦးပေါ်တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်ပြီး ပြည်သူများ၏ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှလုံး ချမ်းသာသုခကို ရရှိစေပါသည်။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် လူမှုပတ်ဝန်းကျင်တွင် ကရုဏာတရား လက်ကိုင်ထား၍ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ကို ဖြစ်ပါသည်။ ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ကို လက်ကိုင်ထားပြီး ပြည်သူတစ်ဦးချင်းစီ၏ အတွေ့အကြုံ ခံစားမှုများအား တန်ဖိုးထားကာ ပြည်သူလူထု၏ လူမှုဘဝရှုထောင့်အမျိုးမျိုးမှနေ၍ အထောက်အပံ့ဖြစ်စေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> “ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ရှုထောင့်များကို လေ့လာသုံးသပ်လျှင် ၎င်းအကျိုးသက်ရောက်မှုများသည် ပြည်သူများ၏ လူမှုဘဝကောင်းမွန်ရေးအတွက် လွန်စွာအရေးကြီးလှပါသည်။ အထူးသဖြင့် ယနေ့ကြုံတွေ့နေရသော စိတ်ဖိစီးမှုဖြစ်စေသည့် ပတ်ဝန်းကျင်များတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့သည် ပြည်သူများ၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့ပါးသက်သာစေပါသည်။ စိတ်ပိုင်းဆိုင်ရာ ဖေးမကူညီခြင်းဖြင့် ပြည်သူများ၏ မမျှော်လင့်နိုင်သော အခြေအနေတစ်ခုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုဘဝပတ်ဝန်းကျင်ကောင်း တစ်ခု ဖြစ်ထွန်းစေရေး အထောက်အပံ့ဖြစ်စေပြီး ပြည်သူများ၏ စိတ်ကျန်းမာရေးကို ကောင်းမွန်လာစေပါသည်”

## မင်းလှမြို့နယ်၌ စစ္စနီ့-ကန်တုတ်လမ်းပေါ်ရှိ ရေကျော်တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး



အထက်မင်းလှ ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (ခလိုင်း-ရွာသာလှ) စစ္စနီ့-ကန်တုတ်လမ်းပေါ်ရှိ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို အရည်အသွေးစစ်ဆေးရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် (ခလိုင်း-ရွာသာလှ) စစ္စနီ့-ကန်တုတ်လမ်းပေါ်ရှိ ရေကျော်ပေ ၁၅၀ တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီက သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေရေးအတွက် မင်းလှမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီရိဖြိုးဝေဝင့်နှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်)မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခိုင်မင်းစိုးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ (NAQAC) ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ(NAQAC) ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တက္ကသိုလ်များအနေဖြင့် အတွင်းအရည်အသွေးအာမခံမှုစနစ်အတွက် တာဝန်ရှိပြီး ပြင်ပအရည်အသွေးအာမခံမှုစနစ် တည်ထောင်မှုနှင့် စစ်ဆေးမှုပြုလုပ်နိုင်ရေး လုပ်ငန်းနယ်ပယ်တွင် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များမှ အရည်အသွေးအသိအမှတ်ပြုခံယူနိုင်ရန် လိုအပ်သော အရည်အသွေးစစ်ဆေးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရေးဆွဲပြုစုခြင်းနှင့် အရည်အသွေးစစ်ဆေးအကဲဖြတ်ကိစ္စများဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များကို စနစ်တကျ အစီအစဉ်ရေးဆွဲ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် တိုက်တွန်း ပြောကြားလိုပါကြောင်း။

နှစ်ရက်တာကျင်းပမည့် National Accreditation and Quality Assurance Committee (NAQAC) 1st Engagement Forum တွင် သက်ဆိုင်ရာ session အလိုက် NAQAC အဖွဲ့ဝင် ပါမောက္ခချုပ်များက NAQAC ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခြင်း၊ QA ကျွမ်းကျင်သူများမှ expert talks တွင် တက္ကသိုလ်များ၏အတွင်း အရည်အသွေးအာမခံမှုစနစ် (Internal Quality System) ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရေးကြီးသည့် project management နှင့်ပတ်သက်ပြီး ဆွေးနွေးခြင်းများပါဝင်ပြီး တက္ကသိုလ်အသီးသီးမှ တက်ရောက်လာသော ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများအကြား အချင်းချင်းအတွေ့အကြုံများမျှဝေပြီး တက္ကသိုလ်များအကြား အရည်အသွေးအာမခံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရှင်းလင်းတင်ပြပြီး အခမ်းအနားကို သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတနှင့်သိပ္ပံပညာရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ဂီတသိပ္ပံပညာရှင် ဆရာကြီး ဆရာမကြီးများအနေဖြင့် (၂၄)ကြိမ်မြောက် ဂီတနှင့်သိပ္ပံ သုတေသနညီလာခံကို နေပြည်တော်တွင် ခမ်းခမ်းနားနား အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် သုတေသနစာတမ်းများ စိစစ်ရွေးချယ်ရေး၊ သုတေသနပိုစတာများနှင့် ပြကွက်များ ပါဝင်ပြသနိုင်ရေး လိုအပ်သည်များကို အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျောက်ကပ်အစားထိုးရန် လိုအပ်သော ကျောက်ကပ်ရောဂါလူနာအတွက် ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ယမန်နေ့က ဆောင်ရွက်နိုင်ခဲ့သည်။



ထိုကဲ့သို့ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို လိုအပ်သည်များ မှာကြားသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာသည် ပျဉ်းမနားမြို့နယ်တွင် နေထိုင်သည့်ပြည်သူတစ်ဦးဖြစ်ပြီး ကျောက်ကပ်ကို ၎င်း၏ ဖခင်က လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက ဆေးရုံအထူးကြပ်မတ်ကုသဌာန၌ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူနာနှင့် ကျောက်ကပ်အလှူရှင် နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တွင် လစဉ် ပုံမှန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုအခါ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌လည်း ပုံမှန်ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကျောက်ကပ်ရောဂါလူနာကို ခွဲစိတ်ကုသခဲ့ရာ၌ **ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာလမင်းဝင်း၊ နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ဝင်းတို့က ဦးဆောင်၍လည်းကောင်း၊

**ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းလှိုင်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာရည်ရည်ခိုင်တို့က ဦးဆောင်၍လည်းကောင်း၊ **နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာသတိုးသိန်း၏ နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါရဂူ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ၊ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေဌေးတို့က ဦးဆောင်၍လည်းကောင်း။

**မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာနုနုမေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေတို့က ဦးဆောင်၍ လည်းကောင်း၊ **ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့နှင့် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့**ကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (ရောဂါဗေဒ) ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းနှင့် အထူးကုဆရာဝန်ကြီး (သွေးဗေဒ) ဒေါက်တာမီမီခိုင်တို့က ဦးဆောင်၍ လည်းကောင်း၊ **ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့**ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာခိုင်ရွှေဝါနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ ပါမောက္ခ ဒေါက်တာ သဇင်သန်းတို့က ဦးဆောင်၍လည်းကောင်း ခွဲစိတ်ကုသပေးခဲ့ကြသည်။

ထို့အတူ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး(သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ကျွမ်းကျင်သူနာပြု ဆရာမကြီးဖြစ်သော ဒေါ်ကေသီနွယ် ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ကျင်းပရာ **အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးမှ ခိုင်မြဲအောင်က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ နေမျိုးအောင် က ဒုတိယ၊ ရောဝတီတိုင်းဒေသကြီးမှ ဝိုင်းမင်းခန့်က တတိယဆုကို လည်းကောင်း၊ **အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ ညီညီထွန်း က ပထမ၊ မွန်ပြည်နယ်မှ မင်းမြတ်သူက ဒုတိယ၊ ရောဝတီတိုင်းဒေသကြီးမှ ရဲချစ်နိုင်က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ထက်ကောင်းဝေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦး က ဒုတိယ၊ ရောဝတီတိုင်းဒေသကြီးမှ သန်းပြည့်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင်** တနင်္သာရီ တိုင်းဒေသကြီးမှ ကောင်းဆက်ဇော်က ပထမ၊ ရောဝတီတိုင်းဒေသကြီးမှ ဟဲပွဲ့မှူးက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ တင်မိုးအောင်က တတိယဆုကို လည်းကောင်း၊ **အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီးမှ မင်းသိခ်က ပထမ၊ ရောဝတီတိုင်းဒေသကြီးမှ သီဟနိုင်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လပြည့်အောင်က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင်** ချင်းပြည်နယ်မှ နှင်းရွှေရည် က ပထမ၊ ကယားပြည်နယ်မှ အေးအေးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ လွေးပိုးညိမ့်ကိုက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ သုန္ဒာလွင်က ပထမ၊ ရခိုင်ပြည်နယ်မှ ရီရီငွေးက ဒုတိယ ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိမ့်သိမ့်သူက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင်** တနင်္သာရီ တိုင်းဒေသကြီးမှ နွေဦးခိုင်က ပထမ၊ တနင်္သာရီတိုင်းဒေသကြီးမှ ကေဇင်ဖြိုးက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ အေးစန္ဒာမိုးက တတိယဆုကို လည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေး ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ ဖြူသီဦးက ပထမ၊ ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီရိလင်းလင်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ မြတ်နိုးသူက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ စုမြတ်သွယ်က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို** ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ **အမျိုးသား ၅၅-၆၀ ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ရဲရင့်အောင်က ပထမ၊ ရောဝတီတိုင်းဒေသကြီးမှ စန်းအောင်က ဒုတိယ၊ မွန်ပြည်နယ်မှ စောမိုင်းမိုင်းနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ မြတ်နိုးဦးတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ နှင်းဦးလှိုင်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သဲနုခိုင်က ဒုတိယ၊ မွန်ပြည်နယ်မှ သိမ့်သိမ့်တုန်နှင့် ရောဝတီတိုင်းဒေသကြီးမှ မြသန္တာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသားနှစ်ယောက်တွဲ ဓားအတိုက်အပြ ပြိုင်ပွဲတွင်** ကရင်ပြည်နယ်က ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသားတုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ နေဝန်းဆန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ လှိုင်ဝင်းထက်က ဒုတိယ၊ ပဲခူးတိုင်း ဒေသကြီးမှ ဟိန်းသူရအောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား လက်သိုင်းပြစွမ်းရည်ပြပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ နိုင်အောင်ရွှေက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဖြိုးငွေစိုးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သန့်ဇင်သူက တတိယဆုကို လည်းကောင်း ရရှိခဲ့သည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဂျူဒိုပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ -တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့က ပူးတွဲတတိယဆုတို့ကို ရရှိခဲ့သည်။

**အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ် အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ်အသင်းက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယ ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလီယက် / စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (C )၌ကျင်းပရာ အမျိုးသား ၈၁ ကီလိုတန်းအောက် ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ခန့်စိုးက ပထမ၊ ရောဝတီတိုင်းဒေသကြီးမှ ထက်အောင်ဟိန်းက ဒုတိယ၊ မန္တလေးတိုင်း ဒေသကြီးမှ ဇော်ပိုင်နှင့် ရှမ်းပြည်နယ်မှ စိုးသူရနောင်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသား ၉၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ မိုးမြင့်ဦးက ပထမ၊ ရောဝတီတိုင်းဒေသကြီးမှ စထက်ဝေဖြိုးက ဒုတိယ၊ မွန်ပြည်နယ်မှ အဂ္ဂပိုင်ဖေနှင့် မကွေးတိုင်းဒေသကြီးမှ ချမ်းကိုကိုတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား ၁၀၀ ကီလိုတန်းအထက်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ သန့်စင်အောင်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇော်လင်းဖြိုးက ဒုတိယ၊ ရောဝတီတိုင်းဒေသကြီးမှ အောင်ပိုင်ခန့်နှင့် ရှမ်းပြည်နယ်မှ ခွန်နေလင်းဟိန်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၁၀၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ဇေထက်က ပထမ၊ ရခိုင်ပြည်နယ်မှ ဘုန်းမြတ်စံက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သက်နိုင်ထွန်းနှင့် ရှမ်းပြည်နယ်မှ စိုးသီဟဇော်တို့က ပူးတွဲတတိယကို လည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး ၆၃ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ဆောင်းဦးဝေက ပထမ၊ ကချင်ပြည်နယ်မှ ဘန်းတောမ်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ထက်ထက်လင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်မွန်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ၇၀ ကီလိုတန်းအောက် ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ နှင်းစန္ဒာထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ လီဆောင်ဦးက ဒုတိယ၊ ကယားပြည်နယ်မှ တွယ်တာမိုးနှင့် ရှမ်းပြည်နယ်မှ နန်းနုနုခေါင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၇၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ယွန်းဝတီစိုးက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ အိသဇင်နိုင်က ဒုတိယ၊ ရှမ်းပြည်နယ်မှ သဥ္ဇာနှင့် ကချင်ပြည်နယ်မှ သင်းသဇင်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ၇၈ ကီလိုတန်းအထက်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ နန်းသဲနုနုစံက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ကေသွယ်ဦးက ဒုတိယ၊ ကချင်ပြည်နယ်မှ မဟော်ဒေါင်းညွယ်နှင့် ချင်းပြည်နယ်မှ နန်းနွယ်နွယ်ခမ်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလီယက် / စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘီလီယက်ရုံ၌ ကျင်းပရာ** စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball တစ်ဦးချင်းပြိုင်ပွဲ၊ ဘီလီယက်တစ်ဦးချင်းပြိုင်ပွဲ ၊ စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲနှင့် 9 Ball နှစ်ယောက်တွဲ ပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ စောရွှေဝင်းက ကချင်ပြည်နယ်မှ ဘောမ်ဆောင်ကို လည်းကောင်း၊ **အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ရှမ်းပြည်နယ်မှ ရှိုင်းငယ် ကို လည်းကောင်း၊ **အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ကချင်ပြည်နယ်မှ ရှိုင်းထက်ကိုကိုကိုလည်းကောင်း၊ **အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ နုတ်မာရ်က မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင် ကို လည်းကောင်း၊ **အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူ ကိုလည်းကောင်း၊ **အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က မန္တလေးတိုင်းဒေသကြီးမှ သက်ထားဗိုလ်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင်** ချင်းပြည်နယ်မှ ကိမ်ရှမ်းဒိတ်ဆန်က ရောဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုး ကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း (၁/၂)၌ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၄ မှတ်အသာ၊ ရခိုင်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ခြောက်မှတ်အသာဖြင့် လည်းကောင်း၊ **အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်မှတ်အသာ၊ရောဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးမှတ်အသာဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး - ဂိုးမရှိ၊ မကွေးတိုင်းဒေသကြီးအသင်း က မွန်ပြည်နယ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (A) ရုံ၌ ကျင်းပရာ မွန်ပြည်နယ်အသင်းက

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ရှမ်းပြည်နယ်အသင်းကိုနှစ်ပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

**အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲများ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ကျင်းပရာ **အမျိုးသား ပင်း ၅၄ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ထွန်းလင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်ဝေယံ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေစိုးရှိန်က ပဲခူးတိုင်းဒေသကြီးမှ ထက်ဝေကျော် ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က တနင်္သာရီတိုင်းဒေသကြီးမှ ထက်မြတ်ထွန်း ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင်က ဧရာဝတီတိုင်းဒေသကြီးမှ အောင်ဟိန်းခန့် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က ကရင်ပြည်နယ်မှ ဝေယံမိုးအောင် ကိုလည်းကောင်း၊ မွန်ပြည်နယ်မှ ဝေလင်းထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠု ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠုကျော် ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ ဈာန်လွှမ်းထူး ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကိုက မကွေးတိုင်းဒေသကြီးမှ ရှိုင်းထက်အောင် ကိုလည်းကောင်း၊ ကယားပြည်နယ်မှ အောင်ဖြိုးမင်းက ချင်းပြည်နယ်မှ ရဲမင်းဦး ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက မန္တလေးတိုင်းဒေသကြီးမှ ရဲသွင် ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်က စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ကျော်ဇင် ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စံလင်းက မွန်ပြည်နယ်မှ အောင်မင်းဖြိုး ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ပင်း (၄၆) ကီလိုတန်းအောက်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက ကရင်ပြည်နယ်မှ အေးမြတ်သူ ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်းက ချင်းပြည်နယ်မှ မေသော်သော်ခိုင် ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင်က မွန်ပြည်နယ်မှ ကြယ်စင်သော် ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ စုဝတီ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ရခိုင်ပြည်နယ်မှ မိုးအိဖြူ ကိုလည်းကောင်း၊ ကယားပြည်နယ်မှ ဒီးမြာက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဝေချို ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

**အမျိုးသား ပင်း ၅၄ ကီလို အောက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ကချင်ပြည်နယ်မှ



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ထွန်းလင်းအောင်က ကယားပြည်နယ်မှ ကျော်ဇေယျာဖြိုး ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က ရခိုင်ပြည်နယ်မှ နေစိုးရှိန် ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူးက ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မွန်ပြည်နယ်မှ ဝေလင်းထွန်း ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကိုက ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်း ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ကယားပြည်နယ်မှ အောင်ဖြိုးမင်း ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်က ကရင်ပြည်နယ်မှ စံလင်း ကိုလည်းကောင်း၊ **အမျိုးသမီး ပင်း (၄၆) ကီလိုတန်းအောက် ကွာတားဖိုင်နယ်ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက တနင်္သာရီတိုင်းဒေသကြီးမှ သဇင်သန့်ကိုကို ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင်က ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်း ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ အေးနှင်းဖြူက ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်း ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ကယားပြည်နယ်မှ ဒီးမြာကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

**အမျိုးသား ပင်း ၅၄ ကီလို အောက် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင်** ကချင်ပြည်နယ်မှ ထူးလင်းအောင်က ချင်းပြည်နယ်မှ ဉာဏ်လင်းထက် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူး ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

**အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင်** ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရှမ်းပြည်နယ်မှ ငြိမ်းကိုကို ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ရခိုင်ပြည်နယ်က ဖြိုးထူးကျော် ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက် ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက မန္တလေးတိုင်းဒေသကြီးမှ အိသဇင် ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန် က ရှမ်းပြည်နယ်မှ အေးနှင်းဖြူ ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး စာပွဲတင် တင်းနစ်ပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ **အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ချင်းပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ **အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ - နှစ်ပွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြန်ကြားရေးအသင်းကို သုံးပွဲ -တစ်ပွဲ ဖြင့် လည်းကောင်း၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး - ဂိုးမရှိ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး - တစ်ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး - နှစ်ဂိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး - နှစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စု စာရင်းစစ်ချုပ်အသင်းကို ခြောက်ဂိုး - နှစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၂၄ ဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ -တစ်ပွဲ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ယနေ့အချိန်အထိ အဆင့်လိုက် ရပ်တည်မှုအနေဖြင့် **ဝန်ကြီးဌာနအဆင့်အားကစားပြိုင်ပွဲများတွင်** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရွှေ နှစ်ခု၊ ငွေတစ်ခုဖြင့် အဆင့် (၁) နေရာတွင် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေ နှစ်ခု၊ ကြေးတစ်ခုဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေ နှစ်ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ရွှေ ၂၆ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၁ ခု ဖြင့် အဆင့်(၁) နေရာတွင် လည်းကောင်း၊ ရှမ်းပြည်နယ်မှ ရွှေ ၁၃ ခု၊ ငွေ ၁၄ ခု၊ ကြေး ၂၂ ခု ဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရွှေ ၁၁ ခု၊ ငွေ ခြောက်ခု၊ ကြေး ၁၀ ခု ဖြင့် အဆင့် (၃) နေရာတွင် လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလီယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဂျူဒိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ထိုးသတ်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဗိုဗီနမ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်

# ဘယ်အားကစားပဲဖြစ်ဖြစ် ကြိုးစားဖို့၊ လေ့ကျင့်ဖို့၊ ဇွဲရှိဖို့ လိုအပ်သလို တစ်ဖက်မှာလည်း နာခံမှု၊ လေ့လာမှုတွေကလည်း အများကြီးလိုပါတယ်

**ဒေါ်ခင်အုန်း**

နေပြည်တော် ဒီဇင်ဘာ ၁၂

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှအချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**


ဒေါ်ခင်အုန်း


ဦးဝင်းထွန်းဦး


မသုန်းပွင့်နိုင်

**ဒေါ်ခင်အုန်း**
**(တန်းမြင့်ခုန်မြန်မာ့လက်ရွေးစင်)**
**မြန်မာနိုင်ငံ ပြေးခုန်ပစ်**
**တန်းမြင့်ခုန် လက်ရွေးစင်နည်းပြ**

ကျွန်မက လက်ရှိလက်ရွေးစင် အသင်းနည်းပြအနေနဲ့ တာဝန်ယူနေသူ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ကျွန်မတို့ တန်းမြင့်ခုန်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွက် စံချိန်သစ်တင်နိုင်ခဲ့တယ်။ ကရင်ပြည်နယ်က မောင်ညီညီထွန်းက ၁ ဒသမ ၉၆ နဲ့ စံချိန်သစ်တင်ခဲ့တာပါ။ နယ်က အားကစားသမားလေးဆိုတော့ ဖိနပ်တောင်ကောင်းကောင်း မရှိပါဘူး။ ဒါကြောင့် ကျွန်မတပည့်လေးတစ်ယောက်ရဲ့ ဖိနပ်ကိုပေးပြီး သူ့ကိုခုန်ခိုင်းတယ်။ လေ့ကျင့်ချိန်လည်းမရှိ၊ ဖိနပ်လည်းမရှိတာတောင် ဒီအတိုင်းခုန်လိုက်တာ ၆၀ ရတယ်။ တကယ့်ပြိုင်ပွဲဝင်တော့ ၇၀ နဲ့ သူရွှေရတယ်။ အဲဒီမှာ သူ့ရဲ့ talent ကို သတိပြုမိသွားတာ။ ဒီကြားထဲ တစ်နှစ်နားပြီး သူ့အသက် ၁၇ နှစ်မှာ ပြန်လာပြိုင်တယ်။ လေ့ကျင့်ချိန် သေချာမရဘူး။ သူက အခု ဆောက်လုပ်ရေးဝန်ကြီးဌာနမှာလည်း ကိုယ်စားပြုကစားသမား၊ ကရင်ပြည်နယ်ကလည်း သူ့ကိုလက်မလွှတ်ဘူး။ သူကသိပ်တော်တာကိုး။ ဒီကလေးကို ကျွန်မကိုယ်တိုင်လည်း ချီးကျူးမိတယ်။ သူက ပြောစကားနားထောင်ပြီး နာခံလွယ်တယ်။ ပြောတဲ့အတိုင်း တစ်သွေမတိမ်းလိုက်ပါနိုင်တယ်။ ဘယ်အားကစားပဲဖြစ်ဖြစ် ကြိုးစားဖို့၊ လေ့ကျင့်ဖို့၊ ဇွဲရှိဖို့လိုအပ်သလို တစ်ဖက်မှာလည်း နာခံမှု၊ လေ့လာမှုတွေကလည်း အများကြီးလိုပါတယ်။ နောက်တစ်ခုက ဆရာပေါ့။ နည်းစနစ်မှန်မှန်နဲ့ လေ့ကျင့်သင်ကြားပေးမယ်။ ကလေးတွေနဲ့ တစ်သားတည်းကျ၊ အမြဲနီးကပ်နေပြီး သူတို့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ၊ အားသာချက်၊ အားနည်းချက်တွေကို လေ့လာပြီး ဖြည့်ဆည်းပေးတဲ့ နည်းပြကောင်းတွေ ရှိမယ်ဆိုရင် အောင်မြင်တဲ့ ကစားသမားတွေ ပိုမိုထွက်ပေါ်လာမှာပါ။

**ဦးဝင်းထွန်းဦး**
**မန္တလေးတိုင်းဒေသကြီး**
**(ဘော်လီဘောနည်းပြချုပ်)**

မန္တလေးတိုင်းအနေနဲ့ ရွှေတံဆိပ်ဆုနဲ့ ဝေးကွာခဲ့တာ ငါးနှစ်၊ ခြောက်နှစ်လောက်ရှိပါပြီ။ ဒီနေ့မှာ ရွှေတံဆိပ်ဆုရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး U-25 အောက်မှာ ၂၀၁၉ ခုနှစ်လောက်ကတည်းက နည်းပြအနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့တယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး U-25 အောက်ပွဲတွေမှာတော့ တတိယနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ အမျိုးသားအားကစားပွဲတော်ဆိုတာက အခြားပွဲတွေနဲ့ မတူတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ အား/ကာသိပ္ပံကျောင်းက တာဝန်ရှိသူတွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့အတူ ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိအောင် တစ်လခွဲလောက် အချိန်ယူ ကြိုးစားလေ့ကျင့်ပေးခဲ့တယ်။

ယခုပြိုင်ပွဲကြီးက တကယ်ကိုကောင်းပါတယ်။ ကျွန်တော်တို့ ကစားသမားဘဝက ၁၆ နှစ်၊ ၁၈ နှစ်၊ ၂၀ နှစ်၊ ၂၅ နှစ်အောက် ကစားခဲ့ရတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးပွဲတွေ တစ်နှစ်ကို နှစ်ပွဲ၊ သုံးပွဲ ရှိခဲ့တယ်။ ဒီဘက်နှစ်တွေမှာ သက်တမ်းလိုက်ပြိုင်ပွဲတွေ မလုပ်ဖြစ်တာကြာပါပြီ။ တစ်နှစ်မှာ ၂၅ နှစ်အောက် တစ်ပွဲလောက်ပဲ လုပ်ဖြစ်နေတယ်။ အခု အသက် ၂၀ အောက် ပြိုင်ပွဲတွေမှာ တကယ့် မျိုးဆက်သစ် ကစားသမားတွေ အများကြီး ပေါ်ထွက်လာတာ အားရစရာပါပဲ။ အသင်းတိုင်းမှာ ကစားကြတဲ့ထူးချွန်တဲ့ ကစားသမားတွေကို နှစ်နှစ်၊ သုံးနှစ်လောက် လေ့ကျင့်ပေးမယ်ဆို နေရာတစ်ခုအထိ ရောက်နိုင်တယ်။ မြန်မာ့လက်ရွေးစင်အသင်းကြီးအတွက်ကို လူငယ်ကန့်တွေကနေတစ်ဆင့် အထောက်အကူပြုနိုင်တဲ့ ကစားသမားကောင်းတွေ အများကြီး ရရှိမှာဖြစ်တယ်။ နောက်နှစ် နောက်နှစ်တွေမှာလည်း သက်တမ်းအလိုက် အသက် ၂၀ အောက်တွေကို နှစ်စဉ်ကျင်းပစေချင်တယ်။ လက်ရှိ လူငယ်ကစားသမားတွေက ခေတ်ကွာလာတာနဲ့အမျှ ဘော်လီဘောကို လေ့လာမှုအားနည်းတယ်၊ စိတ်ပါဝင်စားမှုအားနည်းတယ်၊ လေ့ကျင့်ချင်တဲ့စိတ် သိပ်မရှိကြဘူး။ ပြိုင်ပွဲလောက်ပဲ ကစားချင်ကြတယ်။ တကယ်အောင်မြင်တဲ့ကစားသမား တစ်ယောက် ဖြစ်ချင်တယ်ဆို လေ့လာပါ၊ လေ့ကျင့်ပါ၊ စိတ်နဲ့ ကိုယ်နဲ့ ကြိုးစားအားထုတ်မယ်ဆိုရင် အောင်မြင်မှုတွေရရှိမှာဖြစ်တယ်။

**မသုန်းပွင့်နိုင်**
**(ရခိုင်ပြည်နယ်ပြိုင်ပွဲဝင်)ဗိုဗီနမ်**

ကျွန်မက အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှာ ကျောင်းတက်နေသူပါ။ မနှစ်က Grade 12 ပြီးသွားပါပြီ။ ဗိုဗီနမ်က အသွက်ကစားနည်းဖြစ်လို့ ကျွန်မသဘောကျပါတယ်။ အရင်က ဝူရှူးကစားခဲ့ပြီး ဗိုဗီနမ်ကို ပြောင်းကစားတာကတော့ သိပ်မကြာသေးပါဘူး။ မြန်မာနိုင်ငံက ဗိုဗီနမ်မှာ ထူးချွန်သူတွေ အများကြီးရှိပြီး စီနီယာတွေအားလုံးကို သဘောကျတယ်။ ဥပမာအားဖြင့် မမေဟန်နီအောင်လွင်၊ ဆရာဟိန်းထက်တို့ရဲ့ ကစားကွက်တွေကို သဘောကျနှစ်သက်ပါတယ်။ မနှစ်က ဆီးဂိမ်းမှာ သမီးတို့ကန့်ဝင်ရသေးပေမယ့် ဗိုဗီနမ်အားကစားနည်းမပါလို့ ယှဉ်ပြိုင်ခွင့်မရခဲ့ဘူး။ လာမယ့်နှစ် ဆီးဂိမ်းလည်း ဗိုဗီနမ် ပါ၊ မပါ သေချာတော့ မသိသေးပါဘူး။ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ဆီးဂိမ်းတုန်းက သမီးတို့ ဗိုဗီနမ်အားကစားက ရွှေအများကြီးရခဲ့ဖူးပါတယ်။ ဒီကြားထဲ ပြတ်သွားသေးတယ်။ ခုံးနှစ်လက်နဲ့ပြိုင်ရတဲ့ ပြိုင်ပွဲမှာ ငွေရပြီး ဒီနှစ်မှာတော့ လက်သိုင်းအပြ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ ရှိပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်က အမျိုးသား ၁၀ ဦး၊ အမျိုးသမီးငါးဦးနဲ့ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။


မောင်မျိုးသန်းကျော်


မအိအိဖြိုး


မကေဇင်ဖြိုး


မောင်မြင့်အောင်

**မောင်မျိုးသန်းကျော်**
**(စွမ်းအင်ဝန်ကြီးဌာန)**
**ဘော်လီဘောအသင်း**

အရင်က ဝန်ကြီးဌာနဖလားပြိုင်ပွဲတွေ၊ မိသားစုပွဲတွေမှာ ကစားဖူးပါတယ်။ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာန အသင်းက အရင်က အစဉ်အလာကောင်းတွေ အများကြီးရှိတဲ့ ဝန်ကြီးဌာန အသင်းဖြစ်ပါတယ်။ အခု နောက်ပိုင်းတော့ အောင်မြင်မှု အားနည်းလာနေတယ်။ ဒါကြောင့် အခု အမျိုးသားအားကစားပွဲကြီးမှာ အကောင်းဆုံးယှဉ်ပြိုင်ဖို့ အချိန်ယူပြီး လေ့ကျင့်မှုတွေ များများလုပ်ထားပါတယ်။ ဒီနေ့မှာ စီးပွား/ ကူးသန်းနဲ့ ယှဉ်ပြိုင်သွားဖို့ ရှိပါတယ်။ အခုလို အားကစားပွဲတွေကြောင့် ကိုယ့်ဝန်ကြီးဌာန အသင်းသားတွေ အချင်းချင်းလည်း ချစ်ခင်ရင်းနှီးမှု ပိုရသလို၊ အခြားဝန်ကြီးဌာနက လူတွေနဲ့လည်း ချိတ်ဆက်မှုတွေ ရလာမယ်။ ဝန်ကြီးဌာန အချင်းချင်း ပိုပြီးရင်းနှီးချစ်ကြည်လာမယ်လို့ ထင်ပါတယ်။

**မအိအိဖြိုး**
**(ဧရာဝတီတိုင်းဒေသကြီးပြိုင်ပွဲဝင်)**
**ပြေးခုန်ပစ်သုံးဆင့်ခုန်**
**(ရွှေတံဆိပ်ဆုရှင်)**

ကျွန်မက ဒီဇင်ဘာ ၁၀ ရက် ပြိုင်ပွဲဖြစ်တဲ့ အလျားသုံးဆင့်ခုန်မှာ ရွှေဆုရရှိထားပါတယ်။ မနက်ဖြန်မှာ မီတာ ၁၀၀ ပြိုင်ဖို့ရှိတယ်။ ကျွန်မအသက် ၁၈ နှစ်ကတည်းက ပြေးခုန်ပစ် စတင်ကစားခဲ့တာပါ။ အလျားခုန်မှာ တတိယ၊ လက်ဆင့်ကမ်းမှာ ဒုတိယနဲ့ သုံးဆင့်ခုန်မှာတော့ ရွှေရထားပြီးပြီ။ ပြေးခုန်ပစ်ကစားနည်းက ခန္ဓာကိုယ်ဖွံ့စည်းပုံ၊ ကြိုးစားမှု၊ သက်လုံကောင်းမှု၊ Speed စတာတွေအားလုံး ရှိမှာဖြစ်သလို ဆရာတွေရဲ့ စနစ်တကျလမ်းပြပေးမှုလည်း လိုအပ်ပါတယ်။ အဓိကကတော့ ခန္ဓာကိုယ်ကြံ့ခိုင်စေပြီး ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိစေတဲ့ အားကစားနည်းမို့ သမီးသဘောကျနှစ်သက်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးကျင်းပပေးလို့ သမီးကျေးဇူးအများကြီးတင်ပါတယ်။ နောက်နှစ်တွေ ကျင်းပရင် ဆုတံဆိပ်နဲ့ အရုပ်အပြင် ငွေသားဆုချီးမြှင့်တာမျိုးကိုလည်း ရနိုင်မယ်ဆိုရင် သမီးတို့အားကစားသမားတွေအားလုံး ပိုဝမ်းသာကြမယ်လို့ ထင်ပါတယ်။

**မကေဇင်ဖြိုး**
**(တနင်္သာရီတိုင်းဒေသကြီး ပြိုင်ပွဲဝင်) ပြေးခုန်ပစ် မီတာ ၂၀၀**
**(ငွေတံဆိပ်ဆုရှင်)**

ကျွန်မက စံချိန် ၂၇ ဒသမ ၀၅ နဲ့ မီတာ ၂၀၀ ပြိုင်ပွဲမှာ ဒုတိယဆုရပါတယ်။ ပထမဆုကိုလည်း သမီးတို့ တနင်္သာရီတိုင်းဒေသကြီးက မနွေဦးခိုင်ကရရှိလို့ ပိုပြီး ဝမ်းသာပျော်ရွှင်ရပါတယ်။ သူ့ရဲ့ စံချိန်က ၂၅ ဒသမ ၉၁ ဖြစ်ပါတယ်။ ကျွန်မက အသက် ၁၃ နှစ်ကတည်းက ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲတွေမှာ နှစ်တိုင်းဝင်ပြိုင်ပြီး ရွှေ၊ ငွေ ပွဲတိုင်းရရှိထားပါတယ်။ အခု အသက်က ၂၀ ရှိပါပြီ။ ဇာတိက ထားဝယ်မြို့ကဖြစ်ပြီး ဆရာတွေရဲ့ အနီးကပ်ကြီးကြပ်ပေးမှုနဲ့ အခုလို အကောင်းဆုံး ယှဉ်ပြိုင်နိုင်တာဖြစ်ပါတယ်။ ပြေးခုန်ပစ်အားကစားက သက်လုံကောင်းရမယ်၊ Speed ကောင်းရမယ်။ ကြိုတင်ပြင်ဆင်မှုကလည်း အရေးကြီးပါတယ်။ ပြိုင်ပွဲအသံကြားတာနဲ့ လနဲ့ချီပြီး ပြင်ဆင်လေ့ကျင့်ကြရတာပါ။ ဥပမာအားဖြင့် မီတာ ၁၀၀ ပြေးမယ်ဆို မီတာ ၁၅၀၊ ၁၈၀ လောက်ပြေးရသလို၊ မီတာ ၂၀၀ ဆို မီတာ ၃၀၀ လောက်အထိ လေ့ကျင့်ရတာပါ။ ကျွန်မက ငယ်ငယ်ကတည်းက ပြေးခုန်ပစ်ကို အကြိုက်ဆုံးမို့ တောက်လျှောက် လေ့ကျင့်ခဲ့တာပါ။

**မောင်မြင့်အောင်**
**(ရခိုင်ပြည်နယ်ပြိုင်ပွဲဝင်)**
**မြန်မာ့သိုင်းပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့်၊ တစ်ကိုယ်တော်အပြပြိုင်ပွဲ ဓားနှစ်လက်/တုတ်ရှည်**

ကျွန်တော်က ရခိုင်ပြည်နယ်ကဖြစ်ပါတယ်။ ဓားနှစ်လက်၊ တုတ်ရှည်နည်းပြအဆင့် ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ကျွန်တော်က မြန်မာ့သိုင်းကို ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့တာပါ။ အသက် ၁၆ နှစ်မှာ စတင်ကစားခဲ့ပါတယ်။ မြို့နယ်အဆင့် လုံ့စွမ်းရည်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး အခုအသက် ၂၄ နှစ်ရှိခဲ့ပါပြီ။ အခြားပြိုင်ပွဲတွေတော့ သွားရောက်မပြိုင်ခဲ့ဖူးပါဘူး။ ကျွန်တော့်သဘောက မြန်မာတိုင်း မြန်မာ့သိုင်းတတ်သင့်တယ်လို့မြင်တယ်။ မြန်မာ့သိုင်းက ရိုးရာအမွေအနှစ်၊ သူ့မှာအားသာချက်တွေ အများကြီးပဲ တုတ်၊ ဓား၊ လှံ အားလုံး ကိုင်နိုင်သုံးနိုင်သလို ဗန်တို၊ ဗန်ရှည် လက်နက်မဲ့ စတဲ့ ဘယ်လိုပဲလာလာ အသုံးပြုနိုင်တာက သူ့ရဲ့အားသာချက်ပါ။ မြန်မာ့သိုင်းမှာ ကျွန်တော်အကြိုက်ဆုံးက တုတ်သိုင်းပါ။ သူက ဓားသိုင်းထက် မာန်နဲ့ထန်နဲ့ အားထုတ်သုံးလို့ရတယ်။ တုတ်သိုင်းဆိုပြီး အထင်သေးလို့ မရဘူး။ တော်တော်လည်း ခက်ခဲပါတယ်။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊**
**ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**

# မိမိတို့ဒေသနေရပ်အသီးသီးသို့ ပြန်လည်အခြေချနေထိုင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျဆောင်ရွက်ပေးရန်လို

**လွိုင်ကော် ဒီဇင်ဘာ ၁၂**

လွိုင်ကော်မြို့နယ်အတွင်း နေရပ်ပြန်ပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒုတိယဒေသ ကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်များ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြသူများအား မိမိတို့ဒေသနေရပ်အသီးသီးသို့ အဆင်ပြေစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်း၍ စနစ်တကျ စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြန်လည်အခြေချနေထိုင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းအဆင့်အလိုက် စနစ်တကျစီမံချက်ရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း နေရပ်ပြန်ပြည်သူများကို လိုအပ်သော ထောက်ပံ့မှုများနှင့် သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးကိစ္စများ၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် လွိုင်ကော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လွိုင်ကော်မြို့ပေါ် ရပ်ကွက်များတွင် ပြန်လည်ဝင်ရောက် အခြေချနေထိုင်လိုသည့်ပြည်သူများ၏ အခြေအနေများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် လမ်းတံတား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားနိုင်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးမည့် အခြေအနေများ၊



ပြန်လည်ဝင်ရောက်လာသူများ၏ နေထိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေးတွင် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ မြဝတီရုပ်မြင်သံကြား (နေပြည်တော်)အား ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြဝတီရုပ်မြင်သံကြား (နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ တပ်မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဦးစွာ လေ့လာရေးအဖွဲ့သည် ပင်မအဆောက်အအုံရှိ Production Theatre ခန်းမတွင် မြဝတီရုပ်မြင်သံကြား “MWD Variety Theme Song” ဖြင့် ညှိခံတင်ဆက်မှုနှင့် “ Channel Profile” ပြသမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) တပ်မှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စက်မှုဌာနမှူးက ပင်မထုတ်လွှင့်ရေးစက်ရုံ၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ရှိ Production Studio Room တွင် Healthy Life Program ရိုက်ကူးရေးဆောင်ရွက်နေမှု၊ Master Control Room တွင် Monitoring System နှင့် Storage Serverတို့၏ ဆောင်ရွက်နိုင်မှု၊ Live Stream သတင်းထုတ်လွှင့်နေမှု ၊ News Studio Room တွင် ပြည်တွင်းသတင်း ထုတ်လုပ်မှုနှင့် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေးဆောင်ရွက်မှု၊ Presentation Room တွင် နေ့စဉ်ထုတ်လွှင့်သည့် အစီအစဉ်များအား ကြည့်ရှုလေ့လာမေးမြန်းကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား ပင်မထုတ်လွှင့်ရေးစက်ရုံရှိ စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြပြီး မြဝတီရုပ်မြင်သံကြား (နေပြည်တော်) တပ်မှူးက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့ လူထုအခြေပြုဗဟိုပြဋ္ဌာန၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းနွယ်က အမှာစကားပြောကြားပြီး ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချိုချိုက စာအုပ်စာစောင်များ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်စာစောင်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း (၁၂) ကျောင်းတို့က လက်ခံရယူခဲ့သည်။ လှူဒါန်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၅၀ နှင့် ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၅၃၀ စုစုပေါင်းစာအုပ်စာစောင် ၅၈၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



# အသက် ၁၀၀ ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ချီးမြှင့်ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သားဆန်ဒေါင်းဖောင် (အငြိမ်းစား)အား အသက် ၁၀၀ ပြည့် ဂါရဝပြုချီးမြှင့်ငွေကို ဒီဇင်ဘာ ၉ ရက်က သွားရောက်ပေးအပ်ခဲ့ကြသည်။

ထိုသို့ သွားရောက်ပေးအပ်ရာတွင် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သား ဆန်ဒေါင်းဖောင် (အငြိမ်းစား) ကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာအုပ်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် ယနေ့နံနက်ပိုင်းက ပတ္တမြားစေတီကျောင်းတိုက်ဓမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးထွန်းဆွေက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအကြောင်းအရာများ၊ ပန်းခင်းစီမံချက် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မပျောက်မပျက်အောင် စနစ်တကျထိန်းသိမ်းရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ နှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား ပန်းခင်းစီမံချက်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးရာတွင် ယနေ့အထိ လူဦးရေ ၄၉၇၇ ဦးအား ပြုလုပ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူးရုံးမှ သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၂၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၂၀၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာအနီးတွင် ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ စိုင်းရွှေအောင် မောင်းနှင်ပြီး အိုက်ကော်ခမ်း လိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၉၂၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို မိုင်းပျဉ်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

## ဘိုကလေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဘိုကလေး ဒီဇင်ဘာ ၁၂**

ဘိုကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ပန်းခင်း စီမံချက်(၃)အရ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်မှစတင်၍ ဘိုကလေးမြို့နယ် အောက်လှည်းဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ဘိုကလေးမြို့နယ် အောက်လှည်းဆိပ်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၆)နှစ်နှင့် အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများအား နိုင်ငံသားစိစစ်ရေး ကတ်များထုတ်ပေးနိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဘိုကလေးမြို့နယ်ရုံးမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး



ဒေါ်နှင်းနှင်းအေးနှင့် ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်လေးလေးဝင်းတို့က ကွင်းဆင်းဆောင်ရွက်ပေးသည်။ **မိုးစက် (ဘိုကလေး)**

## ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ အခြေခံစားကုန်နှင့် ချီးမြှင့်ငွေများပေးအပ်

**ကျိုင်းတုံ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ အခြေခံစားကုန်များနှင့် ချီးမြှင့်ငွေများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး သန့်ဇင်က အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အဖွဲ့ဝင် ၃၀ အတွက် ငွေကျပ် ၉ သိန်း ပေးအပ်သည်။ ထို့နောက် ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီး အောင်မြင့်ကြည်၊ မိုင်းလားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်နှင့် သီးခြားရဲတပ်ဖွဲ့ တာဝန်ခံအရာရှိများက ကျိုင်းတုံမြို့နယ် ရဲမှုထမ်းဟောင်း ၃၀ အား ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် ကြက်ဥများပေးအပ်ကြောင်း သိရသည်။ **အောင်ဇင်မြင့် (ပြန်/ဆက်)**



## တောင်သာမြို့နယ်ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး လူနေအိမ် ၁၂ လုံး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အတွင်းရှိ မိုးနှောင်းခင်းကျေးရွာကို ဒီဇင်ဘာ




၁၀ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လူနေအဆောက်အအုံ ၁၂ လုံး ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တောင်သာမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ/ ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါ သတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

**ရွှေတောင် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို မြို့မဈေးကြီးရှေ့၌ ယမန်နေ့က ဆောင်ရွက်သည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဇာရာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဈေးအတွင်းရှိ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုနှင့် ရေကန်များ မီးသတ်ရေပိုက်များထားရှိမှုကို စစ်ဆေးသည်။ ဆက်လက်၍ ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သန္တာက ဈေးသူဈေးသားများ မီးလောင်ဆုံးရှုံးမှု မဖြစ်စေရေး မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## ရွှေဘိုထောင်တွင် အကျဉ်းသားများ ညှော်တွေ့ခွင့်မရဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရွှေဘိုထောင်တွင် အကျဉ်းသားများ ညှော်တွေ့ခွင့်အတွက် အကျဉ်းဦးစီးဌာနက နာရီဝက်လျှင် ငွေကျပ်သုံးသိန်းနှုန်း တောင်းယူနေပြီး နိုင်ငံရေးအကျဉ်းသားများအားလုံး မိသားစုနှင့် ညှော်တွေ့ခွင့်မရဟု Khit Thit Media အမည်ခံ Facebook Page က ဒီဇင်ဘာ ၃ ရက်တွင် မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ရွှေဘိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ထောင်ဝင်စာ ညှော်တွေ့ခွင့်ကို တစ်လလျှင်တစ်ကြိမ်၊ ပါဆယ်ပစ္စည်းများပေးသွင်းခြင်းကို နှစ်ပတ်လျှင်တစ်ကြိမ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးအကြောင်းပြ၍ အကျဉ်းသားများနှင့် မိသားစုဝင်များကို ညှော်တွေ့ခွင့် ပိတ်ထားသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း။

ထောင်ဝင်စာ ညှော်တွေ့မှုအနေဖြင့် အောက်တိုဘာလအတွင်း အကျဉ်းသား အကျဉ်းသူ ၆၀၊ နိုဝင်ဘာလအတွင်း အကျဉ်းသား အကျဉ်းသူ ၁၂ ဦးတို့ကို မိသားစုဝင်များက လာရောက်တွေ့ဆုံမှုရှိပြီး ဝန်ထမ်းများသည် ထောင်ဝင်စာညှော်တွေ့ခွင့်အတွက် ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်း မရှိသကဲ့သို့ မည်သည့် အကျဉ်းသား အကျဉ်းသူကိုမဆို ခွဲခြားဆက်ဆံမှုလည်း မရှိကြောင်း သိရသည်။

ထို့ကြောင့် ရွှေဘိုအကျဉ်းထောင်ရှိ အကျဉ်းသားအကျဉ်းသူများ၏ မိသားစုဝင်တစ်ဦးဦးမှ ထောင်ဝင်စာညှော်တွေ့ဖြစ်စေ၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်ဖြစ်စေ ဆောင်ရွက်ခွင့်မရပါက တိကျစွာ တိုင်တန်းတင်ပြနိုင်ပြီး စစ်ဆေးဖော်ထုတ်ပေးမည်ဖြစ်ကာ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိပါကလည်း အရေးယူသွားမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်သည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **သစ္စာ**

# အိန္ဒိယနိုင်ငံအစိုးရက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်တန်ချိန် ၂၂၀၀ လွှဲပြောင်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံအစိုးရက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်တန်ချိန် ၂၂၀၀ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ASIA WORLD ဆိပ်ကမ်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur နှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ သံအမတ်ကြီးက ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်တန်ချိန် ၂၂၀၀ တင်ဆောင်လာသည့် ဆန်ကွန်တိန်နာများကို လှည့်လည် ကြည့်ရှုသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



✻ *ကျောဖုံးမှ*

နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ရလဒ်ဆိုးရွားမှုကို ချေဖျက်ရန် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ဂျူဗင်တပ်စ်အသင်းကို ရင်ဆိုင်လာခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။

မန်စီးတီးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၀ ပွဲတွင် နိုင်ပွဲ တစ်ပွဲသာရှိပြီး သရေနှစ်ပွဲနှင့် ရှုံးပွဲ ခုနစ်ပွဲရှိလာပြီဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုအောက် ခြေစွမ်းကောင်းပြသရန် ရုန်းကန်ခဲ့ရသော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှ တစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းအတွက် သွင်းဂိုးများကို ဗလာဟိုဗစ်နှင့် မက္ကင်နီတို့က သွင်းယူပေးခဲ့သည်။

ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အခြားပွဲစဉ်ရလဒ်များတွင် အက်သလက်တီကိုမက်ဒရစ်က စလိုဗန်ကို သုံးဂိုး-တစ်ဂိုး၊ လိုင်လီကစတန်းကို သုံးဂိုး-နှစ်ဂိုး၊ အေစီမီလန်က ရက်စတားကို နှစ်ဂိုး-တစ်ဂိုး၊ အာဆင်နယ်က မိုနာကို ကို သုံးဂိုး-ဂိုးမရှိ၊ ဘာစီလိုနာက ဒေါ့မွန် ကို သုံးဂိုး-နှစ်ဂိုး၊ ဖီယင်နက စပါတာ ကို လေးဂိုး-နှစ်ဂိုး၊ စတုဂတ်က ယန်းဘွိုင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ကြပြီး ဘင်ဖီကာနှင့် ဘိုလော့ဂ်နာအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

သရေတစ်မှတ်သာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ်သည် ပွဲထွက်လူစာရင်းဖြစ်သည့် ဇင်ညီညီအောင်(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ သီဟထက်အောင်၊ နန္ဒကျော်၊ လွင်မိုးအောင်၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ မောင်မောင်လွင်၊ သီဟဇော်၊ အောင်ကောင်းမာန်တို့ဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ကာ မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။ ဒုတိယပိုင်း ၆၃ မိနစ်တွင် ရဲရင့်အောင်က ဒုတိယဂိုးသွင်းယူသော်လည်း VAR ပြန်ကြည့်ပြီး ပယ်ဖျက်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ ၇၁ မိနစ်တွင် ဖိလစ်ပိုင်အသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး ခရစ္စတန်ဆန်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက တစ်ပွဲကစား တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## နိုင်ငံတကာသတင်း

# အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်၊ ယာယီဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးအပါအဝင် လေးဦးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၁၁ ရက်က ဝန်ကြီးဌာနအတွင်း အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်ဒုက္ခသည်များနှင့်နေရပ်ပြန်ပို့ရေး ဝန်ကြီး ခါလီရာမန် ဟက်ခန်နီ သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ကြီး ခါလီရာမန်ဟက်ခန်နီသည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုတစ်ခုကြောင့် သေဆုံးခဲ့သည်ဆိုသည့် ဝမ်းနည်းကြေကွဲဖွယ်သတင်းကိုရရှိခဲ့ကြောင်း မုဖ်တီအဗ္ဗဒူမက်တင်းကာနီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုတွင် အိုင်အက်စ်အဖွဲ့က တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဝန်ကြီး ဟက်ခန်နီသည် ထူးချွန်သည့် ဂျီဟတ်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ဟက်ခန်နီအပါအဝင် လေးဦး သေဆုံးခဲ့ပြီး ၎င်း၏ကိုယ်ရံတော်အပါအဝင် လေးဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဟက်ခန်နီသည် ၂၀၂၁ ခုနှစ် အာဖဂန်အိမ်စောင့်အစိုးရ တာဝန်ယူသည့် အချိန်မှစကာ ပထမဆုံး လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည့် အစိုးရအဖွဲ့ဝင်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



အာဖဂန်ဒုက္ခသည်များနှင့်နေရပ်ပြန်ပို့ရေးဝန်ကြီးဌာန၏ ဂိတ်အပြင်ဘက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၁၂ ရက်တွင် တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆောင်းရာသီကာလ လေထုညစ်ညမ်းမှု အမြင့်ဆုံးသို့ရောက်ရှိ

**ဒါကာ ဒီဇင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မကြာသေးမီ သီတင်းပတ်များအတွင်း အပူချိန်မှာ ထိုးဆင်းလာခဲ့ပြီး ဒါကာမြို့ လေထုအရည်အသွေးမှာ အခြေအနေ ဆိုးရွားလာခဲ့သည်။ ဒါကာမြို့သည် လေထုညစ်ညမ်းမှု ပြဿနာနှင့် ကာလရှည်ကြာ ရင်ဆိုင်ခဲ့ရသည်။

ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုအများဆုံးသော မြို့များထဲတွင် ဒါကာမြို့သည် နံပါတ် ၃ နေရာတွင် ရပ်တည်နေသည်။ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် လေထုအရည်အသွေး အညွှန်းကိန်းမှာ ၂၀၆ တွင်ရှိသည်။

ဒါကာမြို့ အနီးတစ်ဝိုက် လေထုအရည်အသွေးမှာ ကျန်းမာရေးကို ထိခိုက်စေသည့် အခြေအနေထိဆိုးရွားပြီး ပြည်သူများ အနေဖြင့် အပြင်ထွက်သည့်အခါ ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ကြရန်နှင့် ထိခိုက်လွယ်သူများ မလိုအပ်ဘဲအပြင်သို့ ထွက်ခြင်းမှ ရှောင်ရှားကြရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ဒီဇင်ဘာ ၁၀ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။



ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ပြောကြားချက်အရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်ခန့်မှန်းခြေအားဖြင့် လူခုနစ်သန်းခန့် သေဆုံးသည်ဟု သိရသည်။

အဓိကအားဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ နာတာရှည် အဆုတ်လေပြွန်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် သေဆုံးမှု ပိုမိုများပြားလာသည်ဟု သိရသည်။

**ဆင်ဟွာ**

# ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၃၄ ခုနှစ်တို့အတွက် ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံများကို ဖီဖာကြေညာ

**ဂျီနီဗာ ဒီဇင်ဘာ ၁၂**

မော်ရိုကို၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့သည် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံများဖြစ်ကြပြီး ဆော်ဒီအာရေဗီးယားက ၂၀၃၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံဖြစ်သည်ဟု ဒီဇင်ဘာ ၁၁ ရက်တွင် ဖီဖာက ကြေညာခဲ့သည်။

ဖီဖာအသင်းဝင် ၂၁၁ သင်းလုံး တက်ရောက်ခဲ့သည့် အွန်လိုင်းအစည်းအဝေးတွင် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲသည် သက်တမ်းနှစ် ၁၀၀ ပြည့်မည့်နှစ်ဖြစ်သောကြောင့် ဥရုဂွေး၊ အာဂျင်တီးနားနှင့် ပါရာဂွေးနိုင်ငံတို့တွင်လည်း အလှည့်ကျအိမ်ရှင်အဖြစ် အဖွင့်သုံးပွဲကို တစ်နိုင်ငံလျှင် တစ်ပွဲစီလက်ခံကျင်းပရန် ခွင့်ပြုခဲ့သည်။

၂၀၃၀ ပြည့်နှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် တိုက်ကြီးသုံးတိုက်၊ နိုင်ငံခြောက်နိုင်ငံတွင် ကျင်းပမည့်ပွဲဖြစ်လာမည်ဖြစ်သည်။

**ဆင်ဟွာ**

# အိတ်ချ်အိုင်ဗွီ၊ တီဘီနှင့် ငှက်ဖျားရောဂါများ တိုက်ဖျက်ရေး လာအိုကြိုးပမ်း

**ဗီယင်ကျန်း ဒီဇင်ဘာ ၁၂**

လာအိုနိုင်ငံသည် အိတ်ချ်အိုင်ဗွီ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကျန်းမာရေးဆိုင်ရာပရောဂျက်အသစ်ကို စတင်ခဲ့သည်။ အဆိုပါ ကျန်းမာရေးပရောဂျက်အသစ်တွင် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု လက်လှမ်းမီစေရေးနှင့် ဒေသခံကျန်းမာရေးလုပ်သားများကို လေ့ကျင့်ပေးရေးတို့ပါဝင်သည်။

အဆိုပါ စီမံကိန်းသည် မြောက်ပိုင်းဘကေးအို ပြည်နယ်ရှိ ထိခိုက်လွယ်သည့်အုပ်စုများ စားနပ်ရိက္ခာဖူလုံရေးနှင့် ရောဂါပြန့်ပွားမှု တားဆီးကာကွယ်ရေးတို့ကို ရည်ရွယ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောသည်။

စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များမှတစ်ဆင့် ရပ်ရွာနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများ အားကောင်းလာစေရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် လာအိုနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီ၊ တီဘီနှင့် ငှက်ဖျားရောဂါများပပျောက်ရေး ရည်မှန်းချက်များနှင့် ကိုက်ညီနေသည်။

**ဆင်ဟွာ**

# လှည်းကူးမြို့နယ်၌ အလင်းအိမ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာအုပ်စု အလင်းအိမ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က အင်းတိုင်ကျေးရွာ အလင်းအိမ်စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးဘိုကြည်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ လှည်းကူး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းဦး၊ အင်းတိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းအောင်နှင့် အလင်းအိမ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ အခမ်းအနားတွင် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အလင်းအိမ်စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ စာကြည့်တိုက်သုံး ပရိဘောဂနှင့် စာအုပ်စာစောင် ၁၀၈၃ အုပ်ကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။ ထို့နောက် အလှူရှင်များက စာအုပ်၊ ဗီရိုနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အလင်းအိမ်စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)





# သံဖြူဇရပ်မြို့နယ်၌ စာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

**သံဖြူဇရပ် ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ နံနက်ပိုင်းက ကျိုက္ခမီ(မြို့မ) စာကြည့်တိုက်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ခွင့်ပြုပေးခဲ့သည့် ငွေကျပ် သိန်းငါးဆယ်ဖြင့် ဆောင်ရွက်သည့်ကျိုက္ခမီ(မြို့မ) စာကြည့်တိုက်ကို အဆောက်အအုံ ပြုပြင်ခြင်း၊ ပရိဘောဂနှင့်စာအုပ်များ ဖြည့်တင်းထားပြီးဖြစ်ရာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်သို့ လာရောက်ပြီး စာအုပ်စာပေများကို အခမဲ့ဖတ်ရှုငှားရမ်းနိုင်ကြောင်း ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



ပန်းတနော်မြို့နယ်၌ မြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ထွေအုပ်ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများပူးပေါင်း၍ လိုက်လံစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၂ ရက်က ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ကမ်းခြေအနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးတောင်ပိုင်းကမ်းခြေကို ဆက်လက်ဖြတ်ကျော်ခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# တောင်ငူမြို့၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေး

**တောင်ငူ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က တောင်ငူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ နတ်သျှင်နောင်ခန်းမ၌ မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်၊ နာရေးစရိတ်နှင့် ဆေးဖိုးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိက International Gateways Co;Ltd မှ အာမခံအလုပ်သမား ဒေါ်စီစီသိန်း၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၆၂၀၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်နီနီအေးထံသို့လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးဇော်က တောင်ငူဒေသသစ်ထုတ်လုပ်ရေးမှ အာမခံအလုပ်သမား ဦးအေးဟန်၏ နာရေးစရိတ် အကျိုးခံစားခွင့် ငွေကျပ် ၈၆၉၄၀၀ ကို ဇနီးဖြစ်သူ ဒေါ်တင်တင်စန်းထံသို့ လည်းကောင်း၊ ကျန်နာရေးစရိတ်နှင့်ဆေးဖိုးအကျိုးခံစားခွင့်ရသူများကို တာဝန်ရှိသူများက ကာယကံရှင်နှင့် မိသားစုဝင်များထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် ယနေ့တွင် အကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၁၈၂၉၁၃၇၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ပဲခူးခရိုင်၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်းဖွင့်

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၌ မြို့နယ် မီးသတ်ဦးစီးမှူးများ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲကို ပဲခူးခရိုင် မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစောထွန်းက မြို့နယ် မီးသတ်ဦးစီးမှူးများ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု (ဆင့်ပွား) သင်တန်းကို မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို စနစ်တကျကျော်လွှားနိုင်စေရန်၊ ဌာန၏ ရည်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူရရှိနိုင်စေရန်၊ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်း စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေစေရန် ခေတ်မီ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆိုင်ရာ နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်စေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများမှ သင်တန်းသား ၁၆ ဦး တက်ရောက်ကြပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ စာတွေ့လက်တွေ့ စနစ်တကျသင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၂) ကို ဒီဇင်ဘာလအတွင်း ဆက်လက်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒဂုံတောင်(ပြန်/ဆက်)



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဝန်းသိုမြို့၌ ကျင်းပ

**ဝန်းသို ဒီဇင်ဘာ ၁၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး "လူငယ်စကားဝိုင်း" ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဝန်းသို) မြတ်ဆရာခန်းမ၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း က အမှာစကား ပြောကြားသည်။ ဆက်လက်၍ "လူငယ်စကားဝိုင်း" ကိုကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခွင်ကြည်က ဦးဆောင်




ဆွေးနွေးပြီး မောင်မိုးမြင့်ဇော်ဦး (GRADE-10) က "လူငယ်နှင့် မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မစုရတီနှင်း (GRADE-11) က "လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မနေခြည်ဆွေ (GRADE-10)က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မမေဖူးခိုင် (GRADE-11) က "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ ဆက်)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တင်ဒါခေါ်ယူဆောင်ရွက်မည့် နေပြည်တော်သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ချောင်းမငယ်ဆည်ရေအား ဆင်အုံကန်မှတစ်ဆင့်တစ်နေ့ရေဂါလန် (၆)သန်း ရေပေးဝေရေးစနစ်ဆောင်ရွက်ခြင်း (ပထမအပိုင်း) လုပ်ငန်းဆောင်ရွက်ရန် အောက်ဖော်ပြပါ Lot-5 ခုတို့အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

- (က) 24"Ø HDPE Pipe OD-710 mm (PN-12.5) ပိုက်လိုင်း(၁၀၀၀၀ပေ) သွယ်တန်းခြင်း လုပ်ငန်း၊ (ဆင်အုံကန်မှအကွက်ကြီး(၁)အထိ)
- (ခ) 24" Ø HDPE Pipe OD-710 mm (PN-10) ပိုက်လိုင်း(၂၃၃၀၀ ပေ) သွယ်တန်းခြင်း လုပ်ငန်း(ဆင်အုံကန်မှအကွက်ကြီး(၁)အထိ)
- (ဂ) ဆင်အုံကန်တွင် Pontoon (၂၅' x၂၀' x ၁၅') (၁)လုံး တည်ဆောက်ခြင်း၊
- (ဃ) ဆင်အုံကန်တွင် 11/0.4 KV 1000 KVA Transformer (၂)လုံး တည်ဆောက်ခြင်း၊
- (င) အကွက်ကြီး(၁)ရေပေးရေးဝင်းတွင် 11/0.4 KV 500 KVA Transformer(၁)လုံး တည်ဆောက်ခြင်း။

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၃-၁၂-၂၀၂၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၇-၁၂-၂၀၂၄ ရက်(၁၄ : ၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) (ဖုန်း-၀၆၇-၄၀၃၂၁၀၉၊ ၀၉-၄၃၀၄၃၇၉၄)တို့သို့ မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ရပ်စောက်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၇

| | | |
|---|---|---|
| မစုစုထွေး | နှင့် | ကိုကောင်းစိန် |
| **တရားလို** | | **တရားပြိုင်** |

ရပ်စောက်မြို့၊ ရတနာပုံကျေးရွာနေ တရားပြိုင် ကိုကောင်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမစုစုထွေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်၊

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဝေယံဟိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရပ်စောက်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

၁။ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၀၇/ရွှေးစုမြောက်)၊ ဦးပိုင်အမှတ် / မြေကွက်အမှတ် (၂၂)၊ ဧရိယာ(၁.၅၀)ဧကရှိ မြေနေရာအား ဒေါ်မိမိအေး ၉/ပဥလ(ပြု)၀၀၀၀၅၃ အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁-၉-၂၀၂၀) ရက်စွဲပါစာအမှတ် ၄/၃၁ - ၅ / ဦး ၁ (အထဥ) (၅၅၃၁)အရလည်းကောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၂၀)၊ ဧရိယာ(၁.၀၁)ဧကရှိ မြေနေရာအား ဒေါ်တင်မိုးကျော် ၉/မရမ(နိုင်)၀၈၈၁၇၉ အမည်ဖြင့် မန္တလေး ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃-၈-၂၀၂၀) ရက်စွဲပါစာအမှတ် ၄/၃၁-၅/ဦး၁ (အထဥ)(၅၁၈၄) အရလည်းကောင်း မြေကွက်ချထားပေးမိန့်အား ထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ ဒေါ်မိမိအေး ၉/ပဥလ(ပြု)၀၀၀၀၅၃ အမည်ဖြင့် မြေကွက်ချထားပေးမိန့်မှာ ပျောက်ဆုံးသွားသဖြင့် မြေကွက်ချထားမိန့် ပြန်လည်ထုတ်ပေးခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ပိုင် ၁၄/ဝခမ(နိုင်)၃၀၄၂၅၃ နှင့် ဒေါ်လွမ်းအိအိမြိုင် ၉/ကဆန(နိုင်)၂၂၃၇၀၉ တို့သည် ၁၈-၁၀-၂၀၂၃ ရက်တွင် ဒေါ်လွမ်းအိအိမြိုင်၏ မိဘများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းစာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပြီး တရားဝင်ကွာရှင်းထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်ပိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်စိုး ၊ အထက်တန်းရှေ့နေ-၂၅၁၁၇**
**အမှတ်(၇၇၄)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၉၆၄၄၀၇၃၆၃**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန (အဆောက်အအုံ)
## အဆင့်မြင့်အိမ်ရာစီမံကိန်း
## တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း
### Expression of Interest (EOI)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၏အရှေ့ဘက်၊ သုခတော်ဝင်အိမ်ရာအနီး၊ မြေဧရိယာ (၃၀)ဧကခန့်ရှိ စီမံကိန်းနေရာ (၁)၊ ပျဉ်းမနား-တောင်ညိုလမ်း၏ အရှေ့ဘက်၊ DENKO စက်သုံးဆီ အရောင်းဆိုင်အနီး၊ မြေဧရိယာ (၃၀)ဧကခန့်ရှိ စီမံကိန်းနေရာ (၂) နှင့် နေသိဒ္ဓိရပ်ကွက်၊ တော်ဝင်သီရိလမ်း၏ အနောက်ဘက်၊ သံတမန်ဇုံအနီး၊ မြေဧရိယာ (၃၀)ဧကခန့်ရှိ စီမံကိန်းနေရာ (၃)တို့တွင် တည်ဆောက်မည့် အဆင့်မြင့်အိမ်ရာစီမံကိန်း (၃)ခု Lot (၃)ခုကို အလုံးစုံရင်းနှီးမြှုပ်နှံတည်ဆောက်ရန် Developer လုပ်ငန်းရှင်/ ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest (EOI) ဖိတ်ခေါ်အပ်ပါသည်။

၂။ Expression of Interest (EOI) Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ (၁၂-၁၂-၂၀၂၄)ရက်၊ နံနက် (၁၀:၀၀)နာရီမှစ၍ မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားမိတ္တူများ ပြသလျက် လာရောက်ဝယ်ယူနိုင်ပြီး (၃၁-၁၂-၂၀၂၄)ရက်၊ ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ဖုန်း-၀၆၇-၈၁၀၈၂၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက (၄) Grade-10(A)မှ မခိုင်မာဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၇/ပမန (နိုင်) ၁၅၈၇၈၀ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ဦးထွန်းရှိန်၏သား ကျွန်တော် မောင်ထွန်းနိုင် ၇/တငန(နိုင်) ၁၆၄၀၁၄ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၁၃၄၅၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၃၊ ဦးပိုင်အမှတ် ၁၄-ဃ၊ ၈၉လမ်း၊ ၁၇ x ၁၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမင်းအောင် ၏(SP ရရှိသူ ဒေါ်အာဠနီမ)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၀၃၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးတုတ်ဗဟာဒူး ၁/မကန(နိုင်) ၀၆၉၅၉၁က အမှုတွဲအမှတ်(၀၆၁၈/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅) ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဘုရင့်နောင် (၂)လမ်း၊ အမှတ် (၈)၊ RC (၂)ခန်းတွဲ၊ (၃ ½ ) ထပ်တိုက်မှ မြေညီထပ် (ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၁ ½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးထိုက်ဇော်လှိုင် (၁၂/ဗဟန(နိုင်)၀၉၄၆၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၁၅-၁-၂၀၂၅)ရက်တွင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဆွေ (LL.B,LL.M,D.B.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၂၂)**
**အမှတ် (၂၃)၊ ၄-လွှာ/အေ၊ ပုသိမ်ညွှန့်(၃)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၇၉၈၃၉၁၆၀၅ ၊ ၀၉-၄၂၀၀၉၈၉၃၈**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၄/ကျောက်တောရပ်)၊ ဦးပိုင်အမှတ်(၁၈၆)၊ မြေကွက် အမှတ်(187)၊ မြေဧရိယာ(၀ဒသမ၀၆၉)ဧကရှိ မြေအား ဒေါ်စိုးစိုးအေး ၁၃/ကလန(နိုင်) ၀၅၆၁၉၉ အမည်ဖြင့် ၄-၁၁-၂၀၁၄ ရက်မှ ၃-၁၁-၂၀၂၄ ထိ (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန် ပိုင်ဆိုင်ခဲ့ပါသည်။ ဂရန်ရှင် ဒေါ်စိုးစိုးအေးမှ ၇-၁၂-၂၀၂၂ရက်စွဲပါ ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၃/၂၀၂၂) အရ ဒေါ်မိညို ၁၃/ပတယ(နိုင်) ၀၃၄၃၆၀ထံသို့ အပြီးအပိုင် ရောင်းချခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်မိညို ၁၃/ပတယ(နိုင်) ၀၃၄၃၆၀အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့် ရက်အတွင်း ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**




## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/မြင်းရဲအင်းရပ်)၊ ဦးပိုင်အမှတ်(၇/၁၉က)၊ မြေကွက်အမှတ်(17/ 107)၊ မြေဧရိယာ(၀ဒသမ၁၇၈)ဧကရှိ မြေအား ဒုဗိုလ်မှူးကြီး ထွန်းထွန်းဦး ၁၂/ဥကတ(နိုင်)၀၄၁၉၆၄ အမည်ဖြင့် ၂၄-၄-၂၀၁၇ ရက်မှ ၂၃-၄-၂၀၄၇ ရက်ထိ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒုဗိုလ်မှူးကြီး ထွန်းထွန်း ဦး ၁၂/ဥကတ(နိုင်)၀၄၁၉၆၄က အဆိုပါမြေကွက်အား ၁၂-၃-၂၀၂၄ရက်စွဲပါ ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၇၂/၂၀၂၄)အရ ဒေါ်မွန်မွန်မြင့်သူ ၁၂/တမန(နိုင်) ၀၉၅၂၆၃ထံသို့ အပြီးအပိုင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်မွန်မွန်မြင့်သူ ၁၂/တမန(နိုင်) ၀၉၅၂၆၃ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကနီကျေးရွာအုပ်စု၊ အရှေ့အင်းကုန်းကျေးရွာနေ (ဘ) ဦးဝင်းဦး ၏သမီး မခင်မြတ်သူ ၈/ပဖန(နိုင်)၁၁၉၇၀၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် MF 528 899 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၆၇၆ ၉၄၉ ၃၈၉**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁၇) ရပ်ကွက်၊ ဈေးလမ်းနေ နော်မေသစ္စာအောင် ၇/ တငန (နိုင်) ၁၁၆၉၃၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉ ၇၈၈ ၂၅၅ ၂၆၀**

## တစ်ဦးတည်းဖြစ်ကြောင်း

ဆိပ်ဖြူမြို့နယ်၊ အနောက်ကမ်းဖြူကျေးရွာအုပ်စု၊ ဘဲကျကျေးရွာနေ ဦးဖိုးကြိုင်(ခ) ဦးဘိုကြိုင် ၈/ဆဖန(နိုင်) ၀၅၇၀၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၁၊ ဦးပိုင်အမှတ်(၃၉)၊ ၂၉လမ်း၊ ၈၃x၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မောင်ဇော်မင်း (အုပ်ထိမ်းသူအဘိုး ဦးဘိုးငြိမ်း) ၏ (SP ရရှိသူ ဦးလားဗဟာသူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၆၉/ ၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှိုင်ပြည့်စုံ ၉/ခမစ(ပြု)၀၀၀၁၅၀က အမှုတွဲ (၀၆၁၅/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဆိပ်ဖြူမြို့နယ်၊ အနောက်ကမ်းဖြူ ကျေးရွာအုပ်စု၊ ဘဲကျကျေးရွာနေ မြကေသီအောင်(ခ) မြတ်ကေသီအောင် ၈/ဆဖန(နိုင်) ၀၈၂၅၉၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/3346 ယာဉ်လက်ဝယ်ရှိသူ ဦးညိမ်းမောင် ၁၄/မမက(နိုင်)၀၀၆၈၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၅)၊ ဆုတောင်းပြည့်ဘုရားလမ်းနေ၊ ဒေါ်မျိုးမျိုးဝင်း (၉/ မထလ (နိုင်)၁၇၈၅၃၉) မှ (အလျား ၃၀'-၀"x အနံ ၃၃'-၀") RC (၁)ထပ် သွပ်မိုးအဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက် လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင် သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံ တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

ဦးကြည်မိုးဦး ၁၂/ဥကတ(နိုင်) ၁၆၉၇၆၉၏သား ဖျာပုံမြို့၊ အမှတ်(၁၂)အမက မှ မောင်ရှိုင်းခန့်ညားအား မောင်ရန်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရန်လင်းထွန်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အလက(၂) ၊ မြဝတီ၊ Grade-(6) မှ နန်းအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာလင်းထိန်းအေး ၉/ရမသ(နိုင်)၀၈၆၇၄၉ ဖြစ်ပါကြောင်း။

**ဦးဇေယျာလင်းထိန်းအေး**

## တနင်္သာရီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက် ထားဝယ်မြို့ အိတ်ပိတ်လေလံ(စတုတ္ထအကြိမ်)ထပ်မံကြေညာခြင်း

ရက်စွဲ၊ ၁၂-၁၂-၂၀၂၄

တနင်္သာရီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်ပိုင် အောက်ဖော်ပြပါ မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံကို အိတ်ပိတ်လေလံတင်ထုခွဲရောင်းချမည်ဖြစ်ကြောင်း စတုတ္ထအကြိမ် အသိပေးကြေညာအပ်ပါသည်။

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကလွင်ရပ်ကွက်၊ ကွင်းအမှတ် ၂၄၂/က ရေပုံး၊ ဦးပိုင်အမှတ် ၁၀၁/၇၁ ဧရိယာ (၀ဒသမ၀၅၅)ဧက (ပေ ၄၀ x ပေ ၆၀)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ RC လေးထပ်တိုက် (၄က်သိုက်အိမ်)

**လေလံပိတ်မည့်ရက်** - (၂၃-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)
**လေလံဖွင့်မည့်ရက်** - (၂၄-၁၂-၂၀၂၄)ရက် (အင်္ဂါနေ့)
**လေလံတင်ထုခွဲ ရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံးခန်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့

**စုံစမ်းရန်**

၁။ တိုင်းသမဝါယမ အသင်းစုချုပ်ရုံးခန်း ထားဝယ်မြို့ - ဖုန်း-၀၅၉-၂၀၂၁၁၃၉၊ ၀၉-၄၂၇၀၂၀၀၅၅
၂။ ဦးထွန်းမင်း (အုပ်ချုပ်မှုဒါရိုက်တာ) - ဖုန်း-၀၉-၄၂၈၅၆၃၃၃၅ မြိတ်မြို့
၃။ ဦးလှကြည် (ဒါရိုက်တာအဖွဲ့ဝင်) - ဖုန်း-၀၉-၄၂၂၁၉၄၉၂၁ မြိတ်မြို့

**ဒါရိုက်တာအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီး**
**သမဝါယမအသင်းစုချုပ်လီမိတက်၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် (၁၂/ညံတောအနောက်)၊ ဦးပိုင်အမှတ်(၉၂-က)၊ မြေဧရိယာ(၀ဒသမ၂၃၂)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသန်းဆွေ ၉/မမန(နိုင်)၀၈၀၆၆၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၉၀၇)၊ မြေဧရိယာ(၀ ဒသမ၀၅၅) ဧကအား မြေငှားဂရန် အမှတ်တွဲအမှတ် ၃၈၈/၂၀၀၂-၂၀၀၃ အရ ဦးညွန့်ရှိန်အမည်ဖြင့် ရရှိခဲ့ပြီး (၁၄-၃-၂၀၁၁)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အသစ်) လျှောက်ထားနိုင်ရေး ဦးညွန့်ရှိန် ၆/မအရ(နိုင်)၀၀၉၈၄၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဗထူးလမ်းရှိ ယခင် အကွက်အမှတ် (၆/အေးရိပ်ငြိမ်)၊ ယခုအကွက်အမှတ် (၅၆/အေးရိပ်ငြိမ်)၊ ယခင်မြေကွက်အမှတ် (၂၆)၊ ယခုမြေကွက် အမှတ်(၂၂၆)၊ ဧရိယာ(၀.၀၃၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်သူ ဦးသိန်းဝင်း (၁၀/မလမ(နိုင်)၁၅၄၃၅၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါနေအိမ်မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား (မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးတက်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၉၅)**
**အမှတ်(၅၂၇)၊ ချယ်ရီလမ်း၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊**
**ဖုန်း-၀၉-၄၄၂၅၅၃၄၆၀**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဘောဂဗလရပ်ကွက်နေ ဦးပန်းအောင် ၁/ရကန(နိုင်)၀၇၈၀၂၅၏သား မောင်ထက်မြတ်အား မောင်ထက်အောင်ခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့ အထက (၁) Grade-5 မှ မကြည်ဖြိုးကျော်၏ ဖခင် ဦးယဉ်ခိုင် ၁/ရကန (နိုင်)၀၄၉၅၇၉ (ခ) ဦးရင်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကန့်သက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသည့် မသင်းစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်အောင်မင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကျောမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခင်ဝင်းရီ ၈/ဂဂန(နိုင်)၀၂၂၄၆၇ ၏ ဖခင်အမည်မှန်မှာ ဦးကြီးလှိုင် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဖျာဒိုးကျေးရွာ၊ သုံးတောင်ကျေးရွာအုပ်စု၊အမှတ်(၃)နယ်မြေ၊ ပြင်ဦးလွင်မြို့၌ နေထိုင်သော အဘအမည်- ဦးသန်းမြင့်၊အမိအမည်-ဒေါ်ကောင်းတို့၏သမီးဖြစ်သူမှာ နိုင်ငံသားစစ်ဆေးရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ပြည်ပထွက်ခွာခွင့်စာအုပ်တို့တွင် မလှမျိုးနွယ် မွေးသက္ကရာဇ် (၂-၆-၁၉၉၂) ဟုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊ ဘွဲ့လက်မှတ်နှင့် ပညာရေးဆိုင်ရာ စာရွက်စာတမ်းများတွင် မယမင်းနွယ်၊ မွေးသက္ကရာဇ် (၉-၄-၁၉၉၂) ဟူ၍ ကွဲလွဲဖော်ပြလျက်ရှိနေသော်လည်း တစ်ဦးတည်း ဖြစ်ကြောင်းကို သက်ဆိုင်ရာ ပြင်ဦးလွင်မြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုထားခဲ့ပါသည်။ ယခုထပ်ဆင့်၍ တစ်ဦးတည်းဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ကြေညာအပ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၅)၊ ဦးပိုင်အမှတ်(၄၁) ၊ ၆၈x၆၉ကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးဘိုသိန်း အမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဒေါ်သဲဝင်းလှိုင်က တရားပြိုင် ဦးဘိုသိန်း (၎င်း၏ SP ရသူ ဦးသက်ထွန်း) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၉၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သဲဝင်းလှိုင် ၉/ပကခ(နိုင်) ၀၄၄၄၃၂က တောဂရန် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မလ္လကုန်းလမ်း၊ တိုက်အမှတ် ၄၂၊ ၂ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ပထမထပ် (ခြေရင်းဘက်ခြမ်း)တိုက်ခန်း (၁)ခန်းကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အထက်လိပ်စာပါတိုက်ခန်း (၁)ခန်းကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း အရှုပ် အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဒေါ်ခင်ခင်ဝင်း ၁၂/သဃက(နိုင်)၀၁၂၅၀၇ထံမှ မခိုင်ဆုလှိုင် ၁၁/စတန(နိုင်)၀၉၁၈၈၆ က လက်ရောက်ဝယ်ယူ၍ စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)**
**ရှေ့နေရုံးခန်း တိုက်အမှတ် ၃၈၊ ပထမထပ်၊ သမိန်ဗရမ်းလမ်း၊ ဌေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**FB: Land Lawyer-1**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၇၂၊ ကွင်းအမည်-အင်းကြီးကွင်း၊ ဦးပိုင်အမှတ် ၁၀၈/၁၊အခွန်စည်းကြပ်ခံရသူ ဒေါ်ထွန်းမေပါ-၅၊ မြေမျိုးနှင့်အတန်း (G)၊ ဧရိယာ(၃ဒသမ၂၉)ဧကအနက်မှ အလျား(၄၈၄)ပေ၊ အနံ(၆၀)ပေနှင့် ၎င်းမြေ ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိခင်ဖြစ်သူ ဒေါ်မဖြူအမည်ဖြင့် ပိုင်ဆိုင်ပြီး ဒေါ်မဖြူကွယ်လွန်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးဟန်စိုးလင်း ၆/လလန(နိုင်)၁၄၆၁၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု၊ တရားဝင် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဦးဟန်စိုးလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဟန်စိုးလင်း** | **ဒေါ်စန္ဒာအေး LL.B** |
| **၆/လလန(နိုင်)၁၄၆၁၅၂** | **အထက်တန်းရှေ့နေ(စဉ်-၃၆၀၉၃)** |
| | **မောင်းမကန်လမ်း၊ ကမြောကင်းရွာ၊** |
| | **လောင်းလုံးမြို့နယ်၊ ဖုန်း-၀၉-၄၂၂၀၂၄၆၆** |

## ပြည်မြို့၊ လေးဆူခတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (စတုတ္ထ)အကြိမ် မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကြီး



ပဲခူးတိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးတွင် ဘေးအန္တရာယ် အသွယ်သွယ်မှ မကပ်မရောက် ကင်းစင်လွင့်ပျောက်စေရန်နှင့် ဗုဒ္ဓသာသနာတော်၏ အဆီအနှစ်ဖြစ်သော (မဟာပဋ္ဌာန်းအဘိဓမ္မာဒေသနာတော်ကြီး)နေရောင် လရောင်ပမာ ဝင်းပထွန်းတောက် ကောင်းကျိုးရောက်စေရန် ရည်သန်၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ ဦးဆောင်လမ်းညွှန်မှုနှင့် လေးဆူခတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူး၍ သံဃာတော်အရှင်သူမြတ်များမှ (စတုတ္ထ)အကြိမ် မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကြီးကို ဤစေတီတော်မြတ်ကြီး "ပုညကရဏ" ဓမ္မာရုံတော်ကြီးတွင် (၁၃၈၆ခုနှစ်၊ ပြာသိုလပြည့်နေ့) ၁၃-၁-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၇-၁-၂၀၂၅ရက် (သောကြာနေ့) နံနက် ၉နာရီအထိ (၅)ရက်တိုင်တိုင် စဉ်ဆက်မပျက် ရွတ်ဖတ်ပူဇော်ပါမည်။ လှူဒါန်းရရှိသော ဆေးပစ္စည်း၊ ဒါတဗ္ဗဝတ္ထု အစုစုတို့အား စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပါမည်။ ရွတ်ဖတ်ချီးမြှင့်တော် မူကြသည့် သံဃာတော်အရှင်သူမြတ်များအတွက် ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ဆေးပစ္စည်း၊ ဒါတဗ္ဗဝတ္ထု အစုစုတို့ကိုလည်း လှူဒါန်းကုသိုလ်ပါဝင်တော်မူကြပါရန် လေးစားစွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။

- **ဂေါပကအဖွဲ့ရုံး(ရင်ပြင်တော်) ဖုန်း-၀၅၃-၂၀၂၅၀၃၅**
- **ဂေါပကအဖွဲ့ရုံး(အောက်ရုံး) ဖုန်း-၀၅၃-၂၀၂၅၁၈၀**

**ရွှေဆံတော်ဂေါပကအဖွဲ့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်နှင့်အမည် (၈၄/ အင်းပြင်ရွာအရှေ့တောင်)၊ ဦးပိုင်အမှတ် (၂၂)၊ မြေကွက်အမှတ် (27)၊ မြေဧရိယာ ၀ ဒသမ ၂၅၇ ဧကရှိ မြေအား ဒေါ်သန်းစိန်(ခ)ဒေါ်ချစ် (၁၃/ကလန(နိုင်)၀၀၇၂၄၂) ပါ(၂)ဦး အမည်ဖြင့် ၃၁-၁၀-၂၀၁၆ မှ ၃၀- ၁၀-၂၀၂၆ ရက်ထိ (၁၀)နှစ် သက်တမ်းရှိ မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်သန်းစိန်(ခ)ဒေါ်ချစ် (၁၃/ကလန(နိုင်)၀၀၇၂၄၂) ပါ(၂)ဦးက အဆိုပါမြေကွက်အား ၉-၈-၂၀၂၄ ရက်စွဲပါ ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၈၆/၂၀၂၄)အရ ဒေါ်ယုဇနလွင် (၁၀/သထန (နိုင်)၀၀၀၂၁၀)ထံသို့ အပြီးအပိုင် ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်ယုဇနလွင် (၁၀/သထန(နိုင်)၀၀၀၂၁၀) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာ စာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကလောခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
